# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့။ Friday, 19 September 2025 ၁၁၉၄၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စနစ်ကျနစွာ စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုကို ဖော်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား ထားဝယ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ မျိုးသိမ်းကျော်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား လေ့လာကြည့်ရှုစဉ်။

## ယနေ့ ဖတ်စရာ


စတုတ္ထအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲ အခမ်းအနား ကျင်းပ — စာမျက်နှာ » ၁၀

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲ ကျင်းပ — စာမျက်နှာ » ၁၅

ပင်လယ်ပင်ကူးဒွတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသား အဆင့်ကော်မတီ (၂/၂၀၂၅) အစည်းအဝေး ကျင်းပ — စာမျက်နှာ » ၁၁

မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်က တစ်လလျှင် ဆန်တန်ချိန်သုံးသိန်း ပြည်ပ တင်ပို့နိုင်ရေး ကြိုးပမ်း ဆောင်ရွက်မည် — စာမျက်နှာ » ၁၆

ကြေးမုံ

# သစ်တောသစ်ပင်များ စိုက်ပျိုးဖြစ်ထွန်းရေး အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို စက်တင်ဘာလ ၁၆ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အနီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် မြတ်စွာဘုရားအား ထာဝရပူဇော်နိုင်ရန်ရည်ရွယ်ပြီး အရောင်၊ အဆင်း၊ အနံ့နှင့်ပြည့်စုံသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြစ်သည့်အတွက်ကြောင့် ရှင်သန်ဖြစ်ထွန်းအောင် အထူးစေတနာထား ဆောင်ရွက်သွားကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသည် မိုးရာသီကာလတွင် အစဉ်အလာမပျက် စိုက်ပျိုးသည့်ပွဲဖြစ်သလို နိုင်ငံတော်၏မူဝါဒဖြစ်သည့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့" ဆောင်ပုဒ်နှင့်အညီ နိုင်ငံတစ်ဝန်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာရေးအတွက် အလေးထားစိုက်ပျိုးသည့်ပွဲဖြစ်သည်။ ယခုကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အနီးတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့ကာ ပန်းများပွင့်သည့် အရိပ်ရသစ်ပင်များဖြစ်သော ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စံကားဝါ၊ ပနားမားငု၊ စွယ်တော် အပါအဝင် သစ်မျိုး ၁၈ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စိုက်ပျိုးခဲ့ကြသဖြင့် ထူးကဲမွန်မြတ်သည့် စုပေါင်းကုသိုလ်ပွဲဟုလည်း ဆိုနိုင်သည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ယခုကဲ့သို့ ပွဲတော်များ၊ အခမ်းအနားများနှင့် စိုက်ပျိုးခြင်းအပြင် လုပ်ရိုးလုပ်စဉ် မိရိုးဖလာစိုက်ပျိုးကြခြင်းလည်းရှိသည်။ မိမိတို့၏ အိမ်ခြံဝင်း၊ အိမ်ပတ်ဝန်းကျင်၊ ရပ်ရွာဝန်းကျင်၊ လယ်ယာပတ်ဝန်းကျင်၊ စက်ရုံ၊ အလုပ်ရုံဝန်းကျင်၊ လက်လှမ်းတမီနေရာများတွင် တစ်ဦးချင်းဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ တစ်ပင်၊ နှစ်ပင်မှအစ တစ်အုပ်တစ်မ တတ်နိုင်သမျှ ရှင်သန်အောင် နှစ်စဉ်စိုက်ပျိုးထူထောင်သွားမည်ဆိုပါက နိုင်ငံတော်က မျှော်မှန်းသည့် နိုင်ငံတစ်ဝန်း သစ်တောလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းရှိစေရေး၊ သစ်တောသစ်ပင်တိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ မလွဲမသွေတိုးတက်ဖြစ်ထွန်းလာမည်မှာ သေချာသည်။

နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်စေရေးအတွက် သစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်း၊ အပူပိုင်းဒေသ ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကမ်းရိုးတန်းဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်း စသည့်စီမံကိန်းများကို နိုင်ငံတော်၏ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အလားတူ ကျေးလက်ဒေသများ၌ တစ်ရွာ နှစ်ဧကစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများထူထောင်ခြင်း၊ အာဆီယံလမ်းမကြီး လမ်းဘေးဝဲ၊ ယာ၊ ပြည်ထောင်စုလမ်းမကြီး ဘေးဝဲ၊ ယာများတွင် အရိပ်ရအပင်များ၊ တစ်အုပ်တစ်မသစ်တောငယ်များ စိုက်ပျိုးထူထောင်လျက်ရှိသည်။ ထို့ပြင် ရထားလမ်းဘေး ဝဲ၊ ယာတစ်လျှောက်နှင့် သစ်တောသစ်ပင်ကျဲသည့် တောင်ကုန်းထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများနှင့် သဘာဝရေထွက်ဧရိယာများတွင် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်းကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့"ဟူသည့် နိုင်ငံတော်၏မူဝါဒနှင့်အညီ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်း မြို့ပြနှင့် ရပ်ရွာများ၊ ကျေးလက်ဒေသများတွင်ပါ သစ်တောသစ်ပင်များ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်းများ၊ အစိမ်းရောင်ဧရိယာများ စဉ်ဆက်မပြတ် တိုးမြှင့်တည်ထောင်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လူတိုင်း လူတိုင်း၊ အိမ်ထောင်စုတိုင်း၊ ကျေးရွာ၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရေး စည်းရုံးလှုံ့ဆော်သွားကြရမည်ဖြစ်သည်။ ယခုကဲ့သို့ လူအား၊ ငွေအားအကုန်ခံပြီး စိုက်ပျိုးထားသည့် သစ်ပင်များကို တစ်ပင်စိုက်တစ်ပင်ရှင်ဖြင့် အားလုံးရှင်သန်အောင် ဝိုင်းဝန်းပြုစုပျိုးထောင်သွားကြရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် အရိပ်အာဝါသကို ပေးစွမ်းနိုင်သည့်အပြင် သက်ရှိလူသတ္တဝါများအတွက် အကျိုးများပြီး ကုသိုလ်ရသည့် မွန်မြတ်သောလုပ်ငန်းဖြစ်သည်။

သို့ဖြစ်ရာ သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး သာယာလှပမှုကိုဖြစ်စေသည့်အပြင် ကမ္ဘာကြီးပူနွေးမှုကို လျှော့ချပေးနိုင်သဖြင့် နိုင်ငံတစ်ဝန်း သစ်တောသစ်ပင်များ စနစ်တကျ စိုက်ပျိုးထိန်းသိမ်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|
| ပထမအသုတ်အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၀ - ၉ - ၂၀၂၅ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇) အမှတ် (၃၈) တွင် မိမိကိုယ်မိမိ အတ္တကြီးတစ်ကိုယ်ကောင်းမဆန်တော့ဘဲ အချင်းချင်း ကူညီရိုင်းပင်းတော့မည်ဆိုသော ရှဥ့်ညိုအကြောင်း သရုပ်ဖော်ထားသည့် "ရိုင်းပင်းကူညီပါ" မျက်နှာဖုံးကာတွန်း၊ ကန်စွန်းဥတွင် ပါဝင်သည့် လူကိုအကျိုးပြုစေသည့် အာဟာရဓာတ်များအကြောင်း ရေးသားထားသည့် "ကန်စွန်းဥစားဖို့လိုအပ်သလား" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ရွှေကျီးလေးနှင့် အဒေါ်ကြီးတို့၏ အပြန်အလှန် တစ်ဦးပေါ်တစ်ဦး စေတနာထားကြပုံကို သရုပ်ဖော်ထားသည့် "ရွှေကျီးလေး" နှစ်မျက်နှာကာတွန်း၊ ဘာသာစကားအသစ်တစ်ခုကို သင်ယူလေ့လာခြင်းသည် စိတ်ထဲတွင် ပန်းဥယျာဉ်လေးတစ်ခုကို စိုက်ပျိုးခြင်းနှင့် တူကြောင်း ဖတ်ရှုရမည့် "အိမ့်မြိုင်ရဲ့ စကားလုံးခရီး" ဝတ္ထုကြကဏ္ဍ၊ သူငယ်ချင်း၏အဖေက အလွန်ဉာဏ်ကောင်းကြောင်း ပြောပြလိုက်သော မြဂျိုးအကြောင်း သရုပ်ဖော်ထားသည့် "မြဂျိုးနှင့် ဉာဏ်ကောင်းသော ဖေဖေ" တစ်မျက်နှာဟာသကာတွန်း၊ နေ့စဉ် သွားကိုစနစ်တကျတိုက်ပေးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအကြောင်း ရေးဖွဲ့ထားသည့် ဆရာမင်းနီခိုင် (မောင်တော)၏ "သွားတိုက်ပါ" ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၈ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၃၅၅ | ၂,၆၉၈,၀၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁ | ၃,၂၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၁၄၀ | ၁,၀၅၀,၀၀၀ |
| FPB | ၂,၁၅၀ | ၂,၄၀၀ | ၁၆၇ | ၃၉၀,၈၀၀ |
| TMH | ၂,၇၀၀ | ၂,၆၅၀ | ၇၀၀ | ၁,၈၆၅,၀၀၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၁,၅၂၂ | ၂,၉၅၁,၉၅၀ |
| AMATA | ၃,၂၀၀ | ၃,၃၀၀ | ၃၈၃ | ၁,၂၄၃,၈၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၁၀ | ၃၃,၅၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၅၂၁ | ၁,၄၀၆,၇၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးစဉ်။

☆ **ရွှေဖုံးမှ**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ ဆီဖူလုံမှုရရှိရေးအတွက် ဆီကြမ်းနှင့် ဆီချောစက်ရုံများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာနှင့် ကော်ဖီသီးနှံ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ငါးသယံဇာတနှင့် ရေထွက်ကုန်ထုတ်လုပ်ရေးစက်ရုံများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြို့ပြနှင့်ကျေးလက်ဒေသများအားလုံး လျှပ်စစ်မီးရရှိရေးဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများသို့ ပြည်ပခရီးသွား ဧည့်သည်များဝင်ရောက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကျန်းမာရေးဆိုင်ရာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ ဒီရေတောပင်များထိန်းသိမ်းထားရှိမှုနှင့် တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ရော်ဘာကုန်ကြမ်းများအား တင်ပို့ရောင်းချရာတွင် ပိုမိုလွယ်ကူမှုရှိစေရေးနှင့်အကျိုးအမြတ်ပိုမိုရရှိစေရေးဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ခရိုင်အတွင်း ငါးနှင့် ရေထွက်သယံဇာတမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကျွန်းပတ်လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးစေလိုမှု၊ အသေးစား၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများက တင်ပြချက်များတွင်ပါဝင်သည့် မြန်မာ့ရော်ဘာပို့ကုန်များ ပိုမိုဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်သတ်မှတ်ချက်များ၊ အသိအမှတ်ပြု လက်မှတ်များပြည့်မီမှုရှိစေရေး ဆောင်ရွက်သွားရန်လိုအပ်မှု၊ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် တရားဝင်လမ်းကြောင်းများမှ တင်ပို့ရောင်းချသွားမည်ဆိုပါက ရော်ဘာပို့ကုန်များ ပိုမိုဈေးကွက်ရရှိနိုင်မှု၊ စားဖိုဆောင်သီးနှံများစိုက်ပျိုးထုတ်လုပ်ရန်နှင့် အသေးစားစက်မှုဇုန်ပြုလုပ်ရန် မြေနေရာရရှိလိုမှုနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ချေးငွေများအား လုပ်ငန်းရပ်များအလိုက် ကာလသတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးထားခြင်းဖြစ်သည့်အတွက် စည်းကမ်းသတ်မှတ်ချက်များအတိုင်းသာ ရယူဆောင်ရွက်သွားရန်နှင့် ပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်အား ဖွင့်လှစ်ပေးသွားမည်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးမှ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း တက်ရောက်နိုင်မည်ဖြစ်ပြီး အဆိုပါတက္ကသိုလ်များအား နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီများကိုအောင်မြင်စွာစိုက်ပျိုးနိုင်မည့် အရင်းအမြစ်များရှိပြီးဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်သွားကြစေလိုမှု၊ ရေငန်ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍လည်း ပြည်ပနိုင်ငံများမှ ဝယ်လိုအားရှိပြီး ဈေးကွက်ရှိသည့်လုပ်ငန်းဖြစ်သဖြင့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား နိုင်ငံတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းများမှ ခရီးသည်ရရှိမှုနှင့် ရာသီဥတုအပေါ်မူတည်၍ လေကြောင်းခရီးစဉ်များပြေးဆွဲပေးလျက်ရှိမှု၊ ရေထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့ တိုက်ရိုက်ပြေးဆွဲတင်ပို့နိုင်ရေးအတွက် ကုန်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် လေယာဉ်ကွင်းများဖြစ်ပေါ်လာရေး အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကမ်းရိုးတန်းသွားသင်္ဘောများဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုများအဆင်ပြေစေရေးအတွက် ထားဝယ်မြို့ရှိ ဆိပ်ခံဘောတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်လျာထားဆောင်ရွက်လျက်ရှိမှု၊ သိပ္ပံနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီး ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့မိ၊ မြို့ဖများနှင့်လုပ်ငန်းရှင်များ၏ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြ၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြား**

ဆက်လက်၍ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ထားဝယ်မြို့သည် အစဉ်အလာရှိသည့်မြို့တစ်မြို့ဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းစဉ်ကတည်းကပင် သမိုင်းကြောင်းကောင်းသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ယဉ်ကျေးမှုအနေဖြင့်လည်း ရှေးနှစ်ပေါင်းများစွာကတည်းကပင် ခိုင်ခိုင်မာမာရှိခဲ့သည့်ဒေသတစ်ခုဖြစ်ခဲ့ကြောင်း၊ မကြာသေးမီနှစ်များအတွင်း မိမိအနေဖြင့် ထားဝယ်ဒေသသို့ ရောက်ရှိခဲ့ပြီး မြို့တော်ခန်းမ အဆောက်အအုံလိုအပ်ချက်ရှိသည်ကို တွေ့ရှိခဲ့ရသဖြင့် အဆောက်အအုံအသစ်ဆောက်လုပ်နိုင်ရန် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရွှေဝယ်သီရိအားကစားကွင်းအဆင့်မြှင့်တင်နိုင်ရေးအတွက်လည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထားဝယ်လေဆိပ်အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက်လည်း လိုအပ်သည်များ မှာကြားခဲ့ကြောင်း။

**စာမျက်နှာ ၄ သို့ ☆**

☆ စာမျက်နှာ ၃ မှ

တင်ပြချက်များတွင် ပါဝင်သည့် ရော်ဘာထုတ်ကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်းများအနေဖြင့် အဆင့်မြှင့်တင်နိုင်ရန်လိုကြောင်း၊ ရော်ဘာကုန်ကြမ်းများအား ပြည်ပသို့ လွယ်ကူစွာတင်ပို့နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ဈေးကွက်နှင့် ဈေးနှုန်းပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများတင်ပို့ခြင်းအပြင် ရော်ဘာထုတ်ကုန်များဖြစ်သည့် တာယာ၊ ကျွတ်နှင့် လူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ဈေးကွက်ရရှိအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရော်ဘာထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံငွေများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရာတွင်လည်း အပင်၏သက်တမ်းနှင့် ထွက်ရှိနိုင်မှုတို့အပေါ် မူတည်၍ သွင်းအားစုများဖြည့်သွင်းခြင်း အပါအဝင် စဉ်ဆက်မပြတ်သည့် ရော်ဘာထုတ်လုပ်မှုကွင်းဆက်ဖြစ်ပေါ်လာအောင် တွက်ချက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ရော်ဘာထုတ်ကုန်ပစ္စည်းများသည် နိုင်ငံတော်အတွက် လိုအပ်ချက်အမြဲရှိနေမည်ဖြစ်သည့်အတွက် ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ငါး၊ ပုစွန်၊ ကဏန်း၊ ရေထွက်ပစ္စည်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင် ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေထွက်ပစ္စည်း အသားလိုအပ်ချက်များစွာရှိနေကြောင်း၊ မိမိတို့အနေဖြင့် ငါးနှင့် ရေထွက်ပစ္စည်းများကို သဘာဝအလျောက်ဖမ်းယူရရှိနိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်၍ ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိနေသည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကိုလည်း ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထားဝယ်ဆိပ်ကမ်းနှင့်ပတ်သက်၍လည်း ထားဝယ်မြစ်အတွင်း သင်္ဘောများဝင်ထွက်မှုအဆင်ပြေစေရေး မြစ်ကြောင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်ဆိပ်ကမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ တနင်္သာရီတိုင်းဒေသကြီး ကျက်သရေဆောင် ထားဝယ်မြို့ လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။

မွေးမြူရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှရင်းနှီးမတည်ငွေများ ထုတ်ပေးထားရှိပြီး လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အသား၊ ငါးနှင့် အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှုများကြောင့်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်ပေါ်စေကြောင်း၊ မိမိတို့အနေဖြင့် ကုန်ဈေးနှုန်းများ ထိုက်သင့်သည့်ဈေးနှုန်းအတိုင်းဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တရားမဝင် ကုန်စည်စီးဆင်းမှုများ မဖြစ်ပေါ်စေရေး တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းအပြင် နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်ငွေများသည်လည်း များစွာထိခိုက်နစ်နာရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့် ပို့ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့်လည်း ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးမြှင့်၍ ဒေသနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် လိုအပ်သည်များ အပြန်အလှန်ဆွေးနွေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှ ဆောင်ရွက်ပေးခြင်းအပြင် ဒေသခံများအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထားဝယ်ဒေသအတွင်း တစ်ဧကအထွက်နှုန်းပြည့်မီအောင်ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ဒေသတွင်းဆန်ဖူလုံမှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ဒေသတွင်းဆန်ဖူလုံမှုရှိအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းငွေကြေးလည်ပတ်မှုများကောင်းမွန်လာမည်ဖြစ်ပြီး ဒေသစီးပွားရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အလားတူအခြားသီးနှံများ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းများရရှိရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းဖူလုံမှုမရှိ၍ ပြင်ပမှဝယ်ယူစားသုံးကုန်ကျမည့်ငွေကြေးများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနေရာများ၌ သုံးစွဲခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သွားကြစေလိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီဖြစ်သည့် Robesta ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ဒေသ၏အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ကော်ဖီ၊ ကိုကိုး၊ ဒူးရင်း၊ သီဟိုဠ်၊ အုန်း စသည့်အပင်များကို အောင်မြင်အောင်စိုက်ပျိုး၍ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝါးနှင့် ကြိမ် သယံဇာတများစွာထွက်ရှိသဖြင့် ဝါးနှင့် ကြိမ် ကုန်ကြမ်းများကို အခြေခံသည့်တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ☆




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

မိမိတို့ရေပိုင်နက်အတွင်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများတိုးတက်လာစေရေး ဆောင်ရွက်သွားရန်လိုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆက်သွယ်မှုပိုမိုမြန်ဆန်စေရေးအတွက် ထားဝယ်လေဆိပ်အား အဆင့်မြှင့်တင်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဘုတ်ပြင်း၊ ကော့သောင်း စသည့်ကျွန်းပတ်လေကြောင်း ခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးနိုင်ရေးအတွက်လည်း စီစဉ်

- ✧ **ရော်ဘာကုန်ကြမ်းများအား ပြည်ပသို့ လွယ်ကူစွာတင်ပို့နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ဈေးကွက်နှင့် ဈေးနှုန်း ပိုမိုရရှိနိုင်မည်**
- ✧ **ကုန်ကြမ်းများတင်ပို့ခြင်းအပြင် ရော်ဘာထုတ်ကုန်များဖြစ်သည့် တာယာ၊ ကျွတ်နှင့် လူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ဈေးကွက်ရရှိအောင်ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိစေနိုင်မည်**
- ✧ **ဈေးကွက်လိုအပ်ချက်ရှိနေသည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကိုလည်း ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လို**
- ✧ **ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့် ပို့ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

ရက် ၁၀၀

သာ လိုတော့သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ စာမျက်နှာ ၄ မှ

တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ဒေသတွင်း စားရေးဖူလုံမှုအပြင် ပြင်ပနှင့် ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စနစ်ကျနစွာစဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုကို ဖော်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအပြင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

**ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး**

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ အတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေ အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အတန်းပညာများရှိစေရေး ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးအားနည်းမှုရှိပါက အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ရမည်ဖြစ်ပြီး အခြားသူများ၏ ဦးဆောင်မှုကို ခံရမည်ဖြစ်သဖြင့် မိမိတို့ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝအောင် မွေးထုတ်ကာ ဒေသအကျိုးကို ဖော်ဆောင်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အခမ်းအနားအပြီးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုခဲ့ကြောင်းနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ထားဝယ်မြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး ဘိုးဘွားများအား ဂါရဝပြုကန်တော့ကာ အာဟာရဖြည့် ၄က်သိုက်များနှင့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်း၍ ဘိုးဘွားများ၏ ကျန်းမာရေးအခြေအနေများအား မေးမြန်းကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားကာ ဘိုးဘွားရိပ်သာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့အတွင်းနှင့် ဆိပ်ကမ်းသာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး ကျက်သရေဆောင် ထားဝယ်မြို့ လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရွှေတောင်စားစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရွှေဝယ်သီရိအားကစားကွင်းနှင့် အားကစားရုံသို့ ရောက်ရှိကြပြီး အားကစားကွင်း အဆင့်မြှင့်နိုင်မည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ထားဝယ်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းတင်းလင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့်အတွက် စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော် ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။ စိုင်းမျိုးသန့်(မောက်မယ်)

## ပူတာအိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်းသင်တန်းဖွင့်ပွဲ ကျင်းပ

ပူတာအို စက်တင်ဘာ ၁၈

ပူတာအိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ကိုင်တွယ် အသုံးပြုနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ခရိုင်ရွေးကောက်ပွဲ အရာရှိ ဒေါ်ဘေလားခူရ်ဘူဆားရ်ကမြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

သင်တန်းတွင် မဲပေးစက် ထိန်းချုပ် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာများအား Power Point ဖြင့် ရှင်းလင်းပို့ချခြင်း၊ မဲပေးစက်နှင့် ပတ်သက်၍ လက်တွေ့တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်း၊ စမ်းသပ်မဲပေးခြင်း၊ မဲရုံများတွင် အသုံးပြုဖြည့်သွင်းရမည့် ပုံစံများအား ရှင်းလင်းခြင်းများကို စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ပူတာအိုမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ မဲရုံပေါင်း ၅၁ ရုံတွင် မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် မဲပေးစက်ထိန်းချုပ်သူအဖြစ် မဲရုံတာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

## ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၈**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

**ထားဝယ်မြို့တော်ခန်းမ ဖွင့်ပွဲကျင်းပ**

အစီအစဉ်အရ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အအုံသစ်အား တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကျော်၊ တနင်္သာရီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ် ဒုတိယပိုင်းအဖြစ် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ် အတွင်း၌ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဆက်လက် ကျင်းပပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့တော်ခန်းမ အဆောက်အအုံသစ်ဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်ကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

အဆိုပါ ထားဝယ်မြို့တော်ခန်းမအား နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်တွင် ထားဝယ်မြို့သို့လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ထားဝယ်မြို့၌ လိုအပ်လျက်ရှိသည့် မြို့တော်ခန်းမကို တည်ဆောက်ရန် ခွင့်ပြုဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ စတုရန်းပေ ၄၀၃၆၄ ပေရှိကာ တစ်ထပ်ခွဲ RCC အဆောက်အအုံအမျိုးအစားဖြစ်ကြောင်း သိရသည်။

**ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ပညာရည်ချွန်ဆု ချီးမြှင့်ရခြင်းနှင့် ပညာရေးကဏ္ဍကို အလေးပေးမြှင့်တင် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာ၌ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတ ပြည့်ဝကြရန်လိုကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုး ကောင်းကျိုးများကို သယ်ပိုး ရွက်ဆောင်နိုင်ကြရန် အရေးကြီးကြောင်း၊ ထိုသို့အဘက်ဘက်မှ ပြည့်စုံရန်အတွက် နိုင်ငံသားတိုင်း ပညာတတ်ရန် အဓိကကျကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် **“နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဆိုသည့် ဆောင်ပုဒ်ကို ချမှတ်ထားကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးကို မြှင့်တင်ပေးနေသကဲ့သို့ ထူးချွန်ထက်မြက်သည့် လူရည်ချွန်များ၊ တက္ကသိုလ်ဝင်တန်းတွင် ထူးထူးချွန်ချွန် အောင်မြင်ကြသူများကို နှစ်စဉ်ထိုက်ထိုက်တန်တန် ချီးမြှင့် ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ယခုအခမ်းအနားတွင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မမြတ်ရတနာသင်းကို ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်မှစပြီး တနင်္သာရီတိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်တန်း အောင်ချက်များကို ကြည့်ပါက ၂၀၂၁ ခုနှစ်တွင် ၄၅ ဒသမ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ၆၈ ဒသမ ၀၃ ရာခိုင်နှုန်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၄၈ ဒသမ ၃၈ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၅၀ ဒသမ ၅၈ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် အောင်မြင်မှုရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ဂုဏ်ထူးရရှိမှုများ အနေဖြင့် လေးနှစ်တာ ကာလအတွင်း ခြောက်ဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၆၂ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၁၀၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၆၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၂၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၆၃ ဦးရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် လေးနှစ်တာ ကာလအတွင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဆင့်တစ်တစ်ဦးရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ ပညာရေးကဏ္ဍ ပိုမိုတိုးတက်လာခြင်းသည် မိဘ၊ ဆရာများ၏ စေတနာနှင့် ဝတ္တရားကျေပွန်စွာ ပူးပေါင်းဆောင်ရွက်မှုအပြင် ကျောင်းသားကျောင်းသူများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့်ပင် ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်မှ ယနေ့၂၀၂၅ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများအနက် ဆေးတက္ကသိုလ် တက်ရောက်နေသူ ၁၈ ဦး၊ နည်းပညာတက္ကသိုလ် တက်ရောက်နေသူ ၁၅၂ ဦး၊ ထားဝယ်မြို့ Polytechnic University တွင် ၁၉၆ ဦး ပညာသင်ကြားလျက်ရှိသည်ဟု သိရကြောင်း၊ ထို့အပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်လုံးတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းလေးကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အသက်မွေးဝမ်းကျောင်း အခြေခံပညာရပ်များကိုလေ့ကျင့်သင်ကြားပေးလျက်ရှိနေသည်ကို တွေ့ရကြောင်း။

**စာမျက်နှာ ၇ သို့ ❍**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒေါက်တာ မျိုးသိမ်းကျော်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်တို့ ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**✻ ကျောဖုံးမှ**

ယမန်နေ့ ညနေပိုင်းကလည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်နင်းမြို့ရှိ တရုတ်-အာဆီယံ AI နည်းပညာဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်ရေးစင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက စင်တာအတွင်းရှိ AI ဖြင့်ပြုလုပ်ထားသည့် CAAIC သမိုင်းကြောင်း ဗီဒီယို၊ AI ၏စွမ်းရည်မြင့်မားလာမှုများ၊ AI ဖြင့် အာဆီယံနိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နေမှု၊ AI ဖြင့် လူမှုဆက်ဆံရေး၊ ဆေးဘက်ဆိုင်ရာကုသရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများတွင် အကောင်အထည်ဖော်အသုံးပြုနေမှု၊ AI ဖြင့် Super League ပြိုင်ပွဲနှင့် ဖိုရမ်တွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ တရုတ်-အာဆီယံနှင့် ပတ်သက်သည့် Data Zone၊ လုံခြုံရေးဆိုင်ရာ Service ပေးသည့် Zone တို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၆ မှ
စာတော်သည့် ထူးချွန်သည့်သူ တစ်ယောက်သည် ငယ်စဉ်ကတည်းက မိဘဆရာသမားများ၏ ကြပ်မတ်သွန်သင်မှုနှင့် ငယ်စဉ်ကတည်းက ကြိုးစားမှုသာရခြင်း ဖြစ်ကြောင်း၊ “အစကောင်းမှ အနှောင်းသေချာမည်” ဖြစ်ကြောင်း၊ မမြတ်ရတနာသင်းကဲ့သို့ပင် ထားဝယ်ဒေသမှ တိုင်းသိပြည်သိ ကမ္ဘာသိ ထူးချွန်သည့် ပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့ကြောင်း၊ ဝန်ကြီးချုပ် ဦးဘဆွေ၊ ဦးစိန်ဝင်း၊ ဗိုလ်မှူးကြီး ဗထူး၊ မီးပုံးပျံ ဦးကျော်ရင်၊ သူရ မချစ်ပို၊ ပန်းချီ ဦးငွေကိုင်၊ နိုင်ငံတော် စာရင်းစစ်ချုပ် ဦးအုန်းတင်၊ မောင်ထားဝယ် ဦးဖေအေး၊ ကျွန်းဆွယ်အလေးမချန်ပီယံ ဦးဖေအေး စသည်ဖြင့် အခြားမိမိအနေဖြင့် မဖော်ပြနိုင်သည့် ပုဂ္ဂိုလ်များလည်း များစွာရှိကြမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွက် ဂုဏ်ယူဖွယ်ရာများပင် ဖြစ်ကြောင်း၊



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသကဲ့သို့ မိဘများ၊ ဆရာ ဆရာမများကလည်း မိမိတို့၏ သားသမီးများ၊ တပည့်များကို ပညာတတ်လူတော်လူကောင်းများ ဖြစ်အောင် သွန်သင်ဆုံးမ၊ လေ့ကျင့်သင်ကြားပေးကြရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိဘဆရာများ၏ သွန်သင်ပြသမှုများကို နာယူမှတ်သားပြီး အသိပညာ၊ အတတ်ပညာ ပြည့်ဝသည့်၊ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်သည့်၊ ဗလငါးတန်ပြည့်ဝသည့်၊ နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သည့် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။


ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ (၆) ဘာသာဂုဏ်ထူးရှင် မမြတ်ရတနာသင်း အား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် (၆) ဘာသာ ဂုဏ်ထူးရှင် မမြတ်ရတနာသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် (၆) ဘာသာ ဂုဏ်ထူးရှင် မမြတ်ရတနာသင်းနှင့် မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ Wuxiang Resort ၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဦးစွာ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းဝေးကို ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေး ကော်မရှင်နှင့် အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ်ရုံးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်ဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် Health For Common Development in the Age of Digital Intelligence သည် တရုတ်နှင့် အာဆီယံနိုင်ငံများရှိ ပြည်သူများ၏




လူမှုဘဝနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုးတက်ပြောင်းလဲလာသော နည်းပညာကဏ္ဍ၏ အရေးပါမှုကို ပိုမိုထင်ဟပ်စေပါကြောင်း၊ ဉာဏ်ရည်တု နည်းပညာ(AI) အသုံးပြု၍ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ကျန်းမာရေး သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ပူးပေါင်းဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝေးလံခက်ခဲသောဒေသများတွင် နေထိုင်သူများအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ (AI) နည်းပညာဖြင့် လူနာမှတ်ပုံတင်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ဆေးကုသမှုများ ဆောင်ရွက်ခြင်းနှင့် ဆေးမှတ်တမ်းထိန်းသိမ်းခြင်းများကို ပိုမိုပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ အပြန်အလှန် နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံဖလှယ်ခြင်းများ ပိုမိုဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များက နန်နင်းမြို့ ကွမ်ရှီးတက္ကသိုလ် ဆေးရုံရှိ China-ASEAN Healthcare Cooperation Center ကို ဒစ်ဂျစ်တယ်စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အဆိုပါဆေးရုံရှိ တရုတ်-အာဆီယံ အထူးဆေးကုသဆောင်သို့ သွားရောက်လေ့လာကြသည်။

ယင်းနောက် Health Industry Development Sub-Forum ကို ဆက်လက်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာနန္ဒဝင်းက “Intelligently steering the health industry building a new Health Silk Road” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာထက်လင်းက “Health care services in Myanmar” ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

စက်တင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က နန်နင်းမြို့ရှိဆွန်ယက်ဆင် ဆေးရုံသို့ သွားရောက်လေ့လာကြရာ ဆေးရုံတာဝန်ရှိသူများက အရေးပေါ်ဆေးကုသမှုဌာန၊ ခွဲစိတ်ကုသမှုဌာန၊ ဓာတ်ခွဲဌာန၊ ဓာတ်မှန်ဌာနတို့တွင် ခေတ်မီစက်ကိရိယာများ၊ နောက်ဆုံးပေါ် နည်းပညာများ၊ Artificial Intellingence (AI) အသုံးပြု၍ ရောဂါရှာဖွေမှု၊ ဆေးရုံသမိုင်းကြောင်းနှင့် ဆေးကုသမှု လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်နှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပလျက်ရှိသည့် (၁၂) ကြိမ်မြောက် ပေကျင်းရှန်းစန်းဖိုရမ်သို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၈

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ President of China Association for Military Science နှင့် President of China Institute for International Strategic Studies တို့၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပမည့် (၁၂) ကြိမ်မြောက် ပေကျင်းရှန်းစန်း ဖိုရမ် (12th Beijing Xiangshan Forum) သို့ တက်ရောက်ရန် ပေကျင်းမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ ပါယိခန်းမ (Bayi Hall) ၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်း (Admiral Dong Jun) နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်ဘက်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ လေ့ကျင့်ရေးနှင့် သင်တန်းသားများ စေလွှတ်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး တို့ကိုရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် (12th Beijing Xiangshan Forum) ဖွင့်ပွဲအခမ်းအနားနှင့် စုံညီအစည်းအဝေးသို့ ပါဝင် တက်ရောက်ကြသည်။ ဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် အစီအစဉ်များကို ဆက်လက်ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက Forum ၏ စုံညီအစည်းအဝေး ဒုတိယအပိုင်း (2nd Plenary Session) သို့ ဆက်လက် တက်ရောက်၍ Strategic Mutual Trust and Security Cooperation in the Asia – Pacific Region ခေါင်းစဉ်ဖြင့် Plenary Speech ကို ပြောကြားသည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် (၁၂) ကြိမ်မြောက် ပေကျင်း ရှန်းစန်းဖိုရမ် (12th Beijing Xiangshan Forum) သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကာကွယ်ရေး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးချုပ်များနှင့် ကျွမ်းကျင်သူများ ကိုယ်စားလှယ် စုစုပေါင်း ၅၀၀ ကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ စက်မှုဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲ၊ တရုတ်-အာဆီယံ စက်မှုကဏ္ဍဖလှယ်ရေးနှင့် မြှင့်တင်ရေးအခမ်းအနား တက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် နန်နင်းမြို့ Wanda Vista ဟိုတယ်၌ ပထမဆုံးအကြိမ် ကျင်းပသော ၂၀၂၅ ခုနှစ် တရုတ် – အာဆီယံစက်မှုဝန်ကြီးများ အဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ စက်မှုနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာနဝန်ကြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်သည်။ (ယာပုံ)

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံများအကြား အတူတကွ ပူးပေါင်း ဆောင်ရွက်နိုင်သော စက်မှုပူးပေါင်းဆောင်ရွက်မှုစနစ်တစ်ရပ် ထူထောင်ခြင်းအားဖြင့် စက်မှုကဏ္ဍနယ်ပယ်အတွင်း အပြိုင်အဆိုင်ဖွံ့ဖြိုးတိုးတက်မှု၊ အပြုသဘောဆောင်သည့် ယှဉ်ပြိုင် နိုင်စွမ်းများရှိလာပြီး ရေရှည်တည်တံ့သည့် လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ စက်မှုကဏ္ဍရှိ နည်းပညာဆိုင်ရာဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် ပူးတွဲလေ့ကျင့်မှု၊ နည်းပညာ သင်တန်းများနှင့် သက်မွေးပညာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများသည် ယနေ့ခေတ်၏ စက်မှုဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSMEs) နှင့် လူငယ်များပါဝင်ရေး မြှင့်တင်ပြီး ချမှတ်ထားသောမူဝါဒများနှင့် လုပ်ငန်းစဉ်များဖြင့် ဂေဟစနစ်တည်ဆောက်သွားနိုင်ပါက တရုတ်–အာဆီယံဒေသအတွင်း စက်မှုဖွံ့ဖြိုး တိုးတက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စက်မှု ပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် တရုတ်–အာဆီယံ ဒေသကို ပိုမိုအားကောင်းအောင် တည်ဆောက်ကြရန် တိုက်တွန်းပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက တရုတ်–အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် နန်နင်း ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်ဖြစ်သည့် စက်မှုမူဝါဒညှိနှိုင်း ဆောင်ရွက်မှုနှင့် မဟာဗျူဟာမြောက်ညှိနှိုင်းမှု အားကောင်းစေရန်၊ ဒေသတွင်းဆန်းသစ်တီထွင်မှု ဂေဟစနစ်ကို တည်ဆောက်ရန်၊ ဒစ်ဂျစ်တယ်၊ အစိမ်းရောင်နှင့် ဉာဏ်ရည်တုနည်းပညာဖြင့် စက်မှုအသွင်ပြောင်းခြင်း နယ်ပယ်များတွင် စံချိန်စံနှုန်းများဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုကို အားကောင်းစေရန်၊ ဒစ်ဂျစ်တယ် ဆိုင်ရာ အခြေခံအဆောက်အအုံများ မြှင့်တင်ခြင်း၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများ ဖွံ့ဖြိုးတိုးတက်စေ ရန်၊ ဂြိုဟ်တုလမ်းကြောင်းပြခြင်းလုပ်ငန်း ဖွံ့ဖြိုး တိုးတက်စေရေး ပံ့ပိုးပေးခြင်းအပါအဝင် ဒစ်ဂျစ်တယ် စီးပွားရေးနှင့် စွမ်းအင်သစ်ကဏ္ဍတို့ပါဝင်သည့် ထွန်းသစ်စစက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုကို စူးစမ်းလေ့လာရန်၊ တရုတ်နိုင်ငံနှင့် အာဆီယံရှိ စွမ်းအင်သစ်ယာဉ်များတွင် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုများကို ဖြေလျှော့ပေးရေးကို ဆက်လက် မြှင့်တင်ရန်၊ AI ဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် AI ဆိုင်ရာအသုံးပြုနိုင်သည့် အက်ပလီကေးရှင်း နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို ရှာဖွေရန်၊ လျှပ်စစ်စက်ဘီးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု ကို ပိုမိုထိရောက်စေရန်၊ အထည်အလိပ်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်၊ ဆေးဝါးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်၊ စက်မှုကဏ္ဍရှိ နည်းပညာဆိုင်ရာ ဝန်ထမ်းများ၏ ပူးတွဲလေ့ကျင့်မှုကို အားကောင်း စေရန်၊ SMEs များကို စက်မှုပူးပေါင်းဆောင်ရွက်မှု စနစ်သို့ ပေါင်းစည်းရေးကို သင့်တင့်မျှတသောပုံစံဖြင့် မြှင့်တင်ရန် စသည့်အချက်များကို သဘောတူညီခဲ့ ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့တာဝန်ရှိသူ များနှင့် တွေ့ဆုံဆွေးနွေးပြီး တရုတ်–အာဆီယံ စက်မှု ကဏ္ဍဖလှယ်ရေးနှင့် မြှင့်တင်ရေးအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စက်မှုဝန်ကြီးများနှင့် အတူ တက်ရောက် ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်း အချက်အလက် နည်းပညာဝန်ကြီးနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စက်မှုကဏ္ဍနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအတွင်း လာရောက် ရင်းနှီး မြှုပ်နှံနိုင်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ သံ၊ သံမဏိ၊ ဆေးဝါး၊ အဝတ်အထည်၊ ဝါးတို့နှင့် စပ်လျဉ်းသည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး အခြေပြု စက်မှုကဏ္ဍ၊ ဝါဂွမ်း၊ စားသုံးဆီ၊ ဆန်စက် ကဏ္ဍတွင် နည်းပညာမြင့် စက်ကိရိယာများဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒိုက်ဦးမြို့နယ်၌ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်



ဒိုက်ဦး စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ စက်တင်ဘာ ၁၈ ရက်က သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား ပြုလုပ်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်ပိုင်ရှင်များနှင့် မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ကုမ္ပဏီအသီးသီးမှ ဝန်ထမ်းများ စုစုပေါင်း ၁၂၀ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းအောင်ဆန်းက သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေး ရှင်းလင်းဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းအကြောင်းရင်းများကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တီမောလက်စ်တေ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးတို့ ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၈**

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာဘန်ဒီတို ဒိုစ်ဆန်းတို့စ်ဖရိတ်တက်စ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ်စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ အလုပ်သဘောခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်တီမောလက်စ်တေ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာဘန်ဒီတိုဒိုစ်ဆန်းတို့စ်ဖရိတ်တက်စ်တို့ဦးဆောင်သည့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံပြီး နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးကို အာဆီယံပဋိညာဉ်၊ အခြေခံမူများ၊ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုဘဲ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးကို တိုးမြှင့်သွားကြရန် အလေးထား ဆွေးနွေးသဘောတူခဲ့သည်။

ထို့ပြင် တီမောလက်စ်တေနိုင်ငံက မြန်မာအစိုးရကို ဆန့်ကျင်သည့် အဖွဲ့အစည်းများကို ရုံးဖွင့်လှစ်ခြင်း၊ တရားမဝင်ဆန့်ကျင်သည့် လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းခွင့်ပြုမည်မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံအစိုးရအား တီမောလက်စ်တေနိုင်ငံ မြို့တော်ဒီလီ၌ မြန်မာသံရုံး လာရောက်ဖွင့်လှစ်ရန် ဆွေးနွေးကမ်းလှမ်းခဲ့ပြီး နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ အာဆီယံနိုင်ငံများအကြားချုပ်ဆိုကြသည့် နှစ်နိုင်ငံသံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးနှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး





**နေပြည်တော် စက်တင်ဘာ ၁၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance)၏ အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ အဂတိကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်မှ သာလျှင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို ဦးတည်ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ “ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်” ဟူသော စကားရပ်နှင့်အညီ အဂတိလိုက်စားမှုများ ပေါ်ပေါက်မှ စုံစမ်းစစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ခြင်းထက် အဂတိလိုက်စားမှုများမဖြစ်အောင် ကြိုတင်တားဆီးကာကွယ်ရန်လိုအပ်သဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် အခမ်းအနားမှရရှိသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိအမြင် ဗဟုသုတများကို မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ဝန်ကြီးဌာနအနေဖြင့် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ထပ်ဆင့်မျှဝေပေးရန်နှင့် လူငယ်များအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးအခြေခံကောင်းများ သင်ကြားပြသပေးရန် တိုက်တွန်းပြောကြားပြီး ကော်မရှင်ရုံးမှတာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)ဝင်များနှင့် တွေ့ဆုံကာ တားဆီး ကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်း အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်တင်ပြဆွေးနွေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ကျင်းပသည့် (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှု ညီလာခံသို့ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၈**

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှု ညီလာခံသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ညီလာခံကို “Return to Culture, New Opportunities” ဟူသော ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အနုပညာရှင်များနှင့် ယဉ်ကျေးမှုလေ့လာအကဲဖြတ်သူများ တက်ရောက်ဆွေးနွေးကြသည်။

စက်တင်ဘာ ၁၀ ရက်က ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ Saint ISACC’s Cathedral နှင့် Kazansky Cathedral အမည်ရှိ ရှေးဟောင်းဘုရားရှိခိုးကျောင်းများ၏ ဗိသုကာလက်ရာများ၊ ရှေးဟောင်း အမွေအနှစ်လက်ရာများအား ရှေးမူမပျက် ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှု လေ့လာခဲ့သည်။

ထို့နောက် ကမ္ဘာပေါ်ရှိအကြီးဆုံး ယဉ်ကျေးမှုပြတိုက်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သော စိန့်ပီတာစဘတ်မြို့ရှိ Hermitage Museum ၌ ခင်းကျင်းပြသထားသည့် ရုရှားအနုပညာဆိုင်ရာ ပစ္စည်းများ၊ နန်းတော်အသုံးအဆောင်ပစ္စည်းများ၊ ရှေးဟောင်းစစ်ဘက်ဆိုင်ရာ အသုံးအဆောင်များ၊ ဥရောပအနုပညာပစ္စည်းများ၊ Leonardo da Vinci, Rembrandt, Raphael စသည့် ကမ္ဘာကျော်ပန်းချီဆရာများ၏ ပန်းချီကားများ၊ အရှေ့တိုင်း ယဉ်ကျေးမှု ရှေးဟောင်းပစ္စည်းများနှင့် အီဂျစ်ယဉ်ကျေးမှုရှေးဟောင်းပစ္စည်းများကို ကြည့်ရှုလေ့လာရာ ပြတိုက်တာဝန်ရှိသူများကရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက ပြတိုက်ခင်းကျင်းမှုနည်းစနစ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာ ၁၁ ရက်က ဒုတိယဝန်ကြီးသည် Marble Palace ရှိ Russian Museum ၌ ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ အစည်းအဝေးသို့ နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ပြီး ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍအသီးသီးကို ဆွေးနွေးတင်ပြခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နှစ်ပေါင်းထောင်ချီသမိုင်းကြောင်းရှိသည့် မြန်မာနိုင်ငံသည် ရှေးဟောင်းပျူခေတ်နှင့် ပုဂံခေတ်ယဉ်ကျေးမှုမှစတင်၍ မျက်မှောက်ခေတ် တိုင်းရင်းသားလူမျိုးများအားလုံး၏ သက်ဝင်လှုပ်ရှား ရှင်သန်လျက်ရှိသည့် အမွေအနှစ်များအထိ ယဉ်ကျေးမှုအစဉ်အလာများ စုစည်းတည်ရှိရာ အရပ်ဒေသတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ယဉ်ကျေးမှု ဖလှယ်ခြင်းဟူသည် အနုပညာနှင့် ဓလေ့ရိုးရာအစဉ်အလာများကို မျှဝေရုံသက်သက်သာမဟုတ်ဘဲ စိတ်နှလုံးသားအချင်းချင်း ဆွေးနွေးခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ လူသားမျိုးနွယ်တစ်ရပ်လုံး၏ တန်ဖိုးရှိလှသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခံရရန်၊ လေးစားဂုဏ်ယူမြတ်နိုးရန်၊ အနာဂတ်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အခြားသော နိုင်ငံများနည်းတူ ပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိကြောင်း၊ စုပေါင်းကြိုးပမ်းမှုများသည် ကမ္ဘာကြီးတစ်ခုလုံးအတွက် ယဉ်ကျေးမှုဆိုင်ရာစည်းလုံးမှု၊ အပြန်အလှန်လေးစားမှုနှင့် ငြိမ်းချမ်းရေးအတွက် လမ်းပြကြယ်ပင်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက Hermitage General Staff Building ၌ ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Tatyana Golikova ဦးဆောင်ကျင်းပသည့် အစည်းအဝေး (Final Session)သို့ တက်ရောက်ရာ ရုရှားနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး Mrs. Olga Liubimova က အဖွင့်အမှာစကား ပြောကြားပြီး ရုရှားနိုင်ငံမှ ဂီတ၊ ရုပ်ရှင်နှင့် ဉာဏ်ရည်တုနည်းပညာစသည့် ယဉ်ကျေးမှုကဏ္ဍနယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသည့် ပညာရှင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် General Staff Building အတွင်း၌ ပြသထားသည့် အထိမ်းအမှတ်ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ညပိုင်းတွင် ပူရှကင်(Pushkin)မြို့ရှိ Catherine Palace ၌ ကျင်းပသည့် Plenary Session၊ ရုရှားသမ္မတပူတင် မိန့်ခွန်းပြောကြားသည့် အခမ်းအနားနှင့် စက်တင်ဘာ ၁၃ ရက်က Winter Palace ၌ကျင်းပသည့် Hermitage Prize ဆုပေးပွဲ အခမ်းအနားများသို့ နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စတုတ္ထအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အင်းစိန်ဘူတာရုံလမ်းရှိ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) မင်းဓမ္မယာယီရုံးသစ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သဘင်အစည်းအရုံးအဖွဲ့ဝင်များ၊ ကန်တော့ခံသက်ကြီးသဘင်ပညာရှင် အဘိုး၊ အဘွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းတို့က မုဒိတာစကား ပြောကြားကြသည်။

ထို့နောက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အလှူငွေကျပ်သိန်း ၃၀ နှင့် MRTV DTH အစုံ ၂၀ နှင့် Set Top Box အလုံး ၁၀၀ တို့အား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အလှူငွေကျပ်သိန်း ၂၅၀ နှင့် ဆန်အိတ် ၅၀၀ အားလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးဖိုးချစ်က ယခုကဲ့သို့ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) အတွက် မြေနေရာ ခွင့်ပြုပေးခဲ့သည့် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ ယခင်က ရန်ကုန်မြို့တွင် မိမိတို့အစည်းအရုံးအနေဖြင့် ရုံးခန်းငှားရမ်း၍ ဖွင့်လှစ်လျက်ရှိရာမှ ယခုအချိန်တွင် အစည်းအရုံးပိုင် မြေနေရာနှင့် ရုံးခန်းများတည်ရှိလာပြီဖြစ်ကြောင်း၊ ယခုမြေနေရာကို အသုံးပြု၍ သဘင်လောကသားများနှင့် သဘင်ပညာရပ်များ တိုးတက်ဖွံ့ဖြိုးရန် ကြံဆောင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ တက်ရောက်ကြသူများက သဘင်သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ ဇာတ်သဘင်ပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး၊ ဆိုင်းပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး၊ ရုပ်သေးပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး၊ နတ်ဒေဝါ ထိန်းသိမ်းမြှင့်တင်ရေး၊ ရာမယဏပညာရပ် ထိန်းသိမ်းမြှင့်တင်ရေး၊ ဆပ်ကပ်မျက်လှည့်ပညာရပ်များ ထိန်းသိမ်းမြှင့်တင်ရေး၊ အငြိမ့်ပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး စသည့်ကော်မတီအသီးသီးမှ မျိုးဆက်သစ်သဘင်အနုပညာရှင်များနှင့် သဘင်ပညာရပ်ဆိုင်ရာ ပညာရှင်ကြီးများက တေးသီချင်း၊ ဆိုင်း၊ အက၊ မြေဝိုင်း ဇာတ်သဘင်၊ ဆပ်ကပ်၊ မျက်လှည့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးရဲတင့် မင်းဘူးမြို့၌ ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မင်းဘူး စက်တင်ဘာ ၁၈**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ကွဲအက်ခဲ့သည့် ကြမ်းခင်းနှင့် နံရံများ ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ မင်းဘူးမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး ဇုန်နယ်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ထပ်ဆင့်ထုတ်လွှင့်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တာဝန်ကျေပွန်ရေး၊ ရုံးနှင့် ဝန်ထမ်းများ စက်ပစ္စည်းလုံခြုံမှု သတိပြုဆောင်ရွက်ရေးနှင့် မီးဘေးအန္တရာယ်ဂရုပြုရေး၊ မကြာမီ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့လိပ်ပြာမျိုးစိတ် ၂၀၀ ကျပ်တန် (၁၁) လုံးပါ အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် စက်တင်ဘာ ၁၈**




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ထုတ်ဝေခဲ့ပြီးသော မြန်မာနိုင်ငံ၌ တွေ့ရှိရသည့် လိပ်ပြာမျိုးစိတ် ၁၁ မျိုး တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်း စုဆောင်းသူ ဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ **မြန်မာ့လိပ်ပြာမျိုးစိတ် ၂၀၀ ကျပ်တန် ၁၁ လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် (စနေနေ့) နံနက် ၉ နာရီခွဲ မှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ် အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ် စက်တင်ဘာ (၂၀) ရက် (စနေနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲ အမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**



# ပန်းဘဲတန်းမြို့နယ်၌ သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပန်းဘဲတန်း စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်အတွင်း ဖွဲ့စည်းထားရှိသော မြို့နယ်သမဝါယမအသင်းစုနှင့် အခြေခံသမဝါယမအသင်းများ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က မြို့နယ်အတွင်း ဖွဲ့စည်းထားရှိသော သမဝါယမအသင်းသားများ၊ သမဝါယမနည်းစနစ်များမှန်ကန်ရေး၊ စာရင်းဇယားများထားရှိမှု မှန်ကန်ရေး၊ သမဝါယမအသင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ(၂/၂၀၂၅) အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၂/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် လုပ်ငန်းစီမံချက် စတုတ္ထသက်တမ်း၏ ပထမ(၆)လပတ် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ အစီရင်ခံတင်ပြနိုင်ရေး ရေးသားထားရှိသည့် အစီရင်ခံစာ အတည်ပြုနိုင်ရေးအတွက် ဆွေးနွေးခြင်းဖြစ်ကြောင်း။

အစီရင်ခံစာအတည်ပြုပြီးပါက ယင်းအစီရင်ခံစာအပေါ် ကောက်နုတ်ချက်ထုတ်နုတ်ပြီး လုပ်ငန်းစီမံချက်၏ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ အချက်အလက်များ (အင်္ဂလိပ်)ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ခွင့်ပြုချက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ၂၀၂၄ - ၂၀၂၅ အကောင်အထည် ဖော်ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ချက်အရ တွေ့ရှိရသည့် အားသာချက် (၆)ချက်နှင့် စိန်ခေါ်မှု(၂)ချက်အပေါ်တွင်လည်း လိုအပ်သည်များ အကြံပြုပေးရန် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ပထမ(၆)လပတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များကို တင်ပြခြင်းနှင့် ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့် အမျိုးသားအဆင့် ကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) ၏ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဇွန်၁၉ ရက်တွင် ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ (၁/၂၀၂၅) အစည်းအဝေးဆုံးဖြတ်များအပေါ် ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက ပထမ(၆)လပတ် အစီရင်ခံစာ (မူကြမ်း)အပေါ် အကြံပြုဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းနှင့် စီမံချက်ကာလ ပဉ္စမသက်တမ်းတိုးရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်



**ရန်ကုန် စက်တင်ဘာ ၁၈**

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား အလုပ်လုပ်ကိုင်မှု၊ စည်းကမ်းချက်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ WCC အဖွဲ့များ အားကောင်းလာပြီး အဖွဲ့ဝင်များ အရည်အချင်းပြည့်ဝစေရန် ဦးစီးဌာနများက စည်းကြပ်သည့် ဥပဒေများနှင့် အငြင်းပွားမှု ဖြေရှင်းရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များကို သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ Myanmar Zhi Yuan Garment Co.,Ltd. (အထည်ချုပ်)စက်ရုံ၊ Hanbon (Myanmar) Garment Co., Ltd. နှင့် Ruifa Interprise Limited (အိတ်ချုပ်)စက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက ကယားပြည်နယ်၊ လွိုင်ကော်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကယားပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်ဦးတို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးစဉ်။

ပြည်နယ်(ပြန်/ဆက်)

# မိတ္ထီလာမြို့နယ်၌ သက်တန့်ရောင်သမဝါယမစီမံကိန်းရန်ပုံငွေဖြင့်ဆိတ်မွေးမြူထားမှု ကွင်းဆင်းကြည့်ရှု

**မိတ္ထီလာ စက်တင်ဘာ ၁၈**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီးပွား) ဦးအောင်ပြည့်စိုးနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကံဦး(စံပြ)ကျေးရွာ ကံဦး(စံပြ) လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသား တောင်သူကိုးဦးက သက်တန့်ရောင် စီမံကိန်းရန်ပုံငွေဖြင့် ဆိတ်ကောင်ရေပေါင်း ၁၂၀ မွေးမြူထားပြီး ခြောက်လအတွင်း ထပ်မံပေါက်ဖွားလာသည့် တိုးပွားဆိတ်ကောင်ရေ ၇၀ စုစုပေါင်း ဆိတ်ကောင်ရေ ၁၉၀ မွေးမြူထားခြင်းကို စက်တင်ဘာ ၁၇ ရက်က ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် ဒုတိယ ညွှန်ကြားရေးမှူးချုပ် (စီးပွား)က သက်တန့်ရောင် သမဝါယမစီမံကိန်း ရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူခြင်းမှ တစ်အုပ်တစ်မ မွေးမြူခြင်းအဆင့်ထိ တိုးမြှင့်မွေးမြူနိုင်ရေးနှင့် ရောဂါကျရောက်မှုမရှိစေရေး စနစ်တကျဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ငွေကြယ်**



# ဓနုဖြူမြို့နယ်၌ အခွန်အသိပညာပေးဆွေးနွေး

**ဓနုဖြူ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် အခွန်ပညာရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက သပြုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဦးခင်ဇော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်အောင်ကျော်က အခွန်ဆိုင်ရာတည်ဆဲဥပဒေများ၊ အခွန်အမျိုးအစားများ၊ ပြေစာများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်သိကောင်းစရာများ၊ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲ တိုဆင်နွဲမည် ...

(ယမန်နေ့မှအဆက်)

**ပါမောက္ခ ဆရာကြီးဦးနက်**

မန္တလေးတက္ကသိုလ် သင်္ချာပါမောက္ခ ဆရာကြီး ဦးနက်၏ သင်ကြားပုံတစ်ခုကို သတိတရ ရေးပြချင်ပါသည်။ ဆရာကြီးက မန်းရာပြည့်ကျင်းပသည့် ကာလက တက္ကသိုလ်ပရိဝုဏ်အတွင်း ကိုယ်တိုင် ရေဒီယိုတည်ထောင်အသံလွှင့်ခဲ့သည်ဟု တပည့်များ သိခဲ့ရပါသည်။

ပါမောက္ခဆရာကြီးက အလွန်လေးလံထိုင်းမှိုင်း နေသော ကျွန်တော်တို့အတန်းကို စာသင်ရင်း တိုက်ပုံအိတ်ကပ်ထဲမှ လျက်ဆားပုလင်းလေးထုတ်၊ လျက်ဆားလျက်ရင်း “ One Plus two ဘယ်လောက် ပါလိမ့်”ဆိုပြီး မျက်နှာကြက်ကြည့်ပြီး ခဏတာ စဉ်းစားနေပါသည်။ တပည့်များ ခေါင်းထောင်လာပါသည်။ “Oh Yes three, Three” ကျွန်တော်တို့ အငိုက်ပြေစေသည့် ဆရာကြီး၏ဟာသကို သတိရ မှတ်မိနေဆဲဖြစ်ပါသည်။

နောက်ဆရာကြီးတစ်ဦးက အင်္ဂလိပ်စာ ပါမောက္ခဆရာကြီး Mr.Muni။ ဆရာကြီးက စီးကရက်ကို လက်ကြားကမချဘဲ နှစ်နှစ်ခြိုက်ခြိုက် ရှိုက်ဖွာရင်း ဖြည်းဖြည်းနှင့် လေသံမှန်မှန်ဟန်ပန် ဖြင့်သင်သည်မို့ နားထောင်၍ အလွန်ကောင်းပါသည်။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ငေးပြီးကြည့်ခဲ့ပါသည်။ ဆရာကြီးက Indian လူမျိုး၊ ထောင်ထောင်မောင်းမောင်း၊ ဖိုင့်ဖိုင့် ဆရာ၏ ကေသာက ပိပြားတောက်ပြောင်နေပါသည်။ ဆရာက ခပ်တည်တည်နှင့် မိတ်ဆက်ပါသည်။ “There are two Munis in Mandalay, one is Maha Myatmuni and the other is me” ဆိုပြီး မိမိကိုယ်ကိုမိမိ ခပ်တည်တည်နှင့် မိတ်ဆက်သော ပါမောက္ခဆရာ Mr. Muni ကို သတိရပါသည်။ ဆရာက အင်္ဂလိပ်စာသင်သည့်အခါ “Man may come and man may go, but I go on forever” ဆိုသည့် စာသားလေးကို မကြာခဏပြောပြီး အင်္ဂလိပ်စာ သင်ပေးလေ့ရှိပါသည်။ အဓိပ္ပာယ် လွန်စွာပြည့်ဝသော ဤဝါကျလေး၏ အတိမ်အနက်ကို လူတိုင်း နားလည်ကြပါသည်။ နှစ်တစ်ရာပြည့်ပြီဖြစ်သည့် မန္တလေးတက္ကသိုလ်ကြီးကို ညွှန်းလေ ရော့သလားဟု ထင်မြင်မိပါသည်။

**နိုင်ငံခြားပညာသင်ဆု...**

ကျွန်တော်သည် ၁၉၇၂ ခုနှစ်တွင် နိုင်ငံခြား ပညာသင်ဆုရရှိခဲ့ပါသည်။ ဘဝသစ်ထူထောင်မှု စီမံကိန်းတွင် ထူးချွန်သူအပေါင်းနှင့် ကျွန်တော်က အကျုံးဝင်ခဲ့ပါသည်။ နိုင်ငံခြားစေလွှတ်ရန် အကဲဖြတ် အဆုံးအဖြတ်ပေးခဲ့သော ဆရာကြီးများ မှာ ပါမောက္ခဦးအောင်ခင်၊ ပါမောက္ခချုပ်ဒေါက်တာ မောင်မောင်ခ၊ ရုက္ခဗေဒပါမောက္ခ ဒေါက်တာ သန်းထွန်းနှင့် ဒေါက်တာညီညီတို့ ဖြစ်ပါသည်။ ကျွန်တော်၏ဆရာ ဒေါက်တာမောင်ဒီက မော်လမြိုင် ဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီးဘဝဖြင့် အဏ္ဏဝါ သိပ္ပံဌာနကို ဦးဆောင်ဖွင့်လှစ်ရန် စိုင်းပြင်းနေသည့် ကာလဖြစ်ပါသည်။

ဆရာဒေါက်တာမောင်ဒီက ၁၉၇၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဖြစ်လာပါသည်။ မရှေးမနှောင်းမှာပင် ဆရာဦးကျော်မြင့်က မန္တလေး တက္ကသိုလ် ပါမောက္ခချုပ်၊ ၁၉၈၈ ခုနှစ်တွင် ဆရာကြီး




ပါမောက္ခ ဆရာကြီးဦးနက်

ဦးကျော်မြင့်က အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်နေပါပြီ။ ဆရာ ဒေါက်တာ ချစ်ဆွေက ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တာဝန် ထမ်းဆောင်သည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ပါသည်။

ဆရာဒေါက်တာမောင်ဒီက ပညာရေးလောက တွင် ဆရာဒီဆိုပြီး နာမည်ကြီးခဲ့သူ။ တက္ကသိုလ် ကောလိပ်များ၏ဖွဲ့စည်းပုံကို ပါမောက္ခချုပ်ဘဝ တွင် ရေးဆွဲခဲ့ပြီး ဒုတိယဝန်ကြီးဖြစ်လာချိန်တွင် အကောင်အထည်ဖော်ခဲ့ပါသည်။ ၁၉၈၆ ခုနှစ်တွင် ဖွဲ့စည်းပုံအသစ်အရ ဆရာ ဆရာမများ ရာထူး တိုးပြီး နိုင်ငံတစ်နံတစ်လျား၌ ဘဝသစ်ထူထောင် ရန်ဖြစ်လာပါသည်။

**ဩစတြေးလျနိုင်ငံ ပညာရေးအဖွဲ့**

၁၉၈၈ ခုနှစ် မေလတွင် ဩစတြေးလျနိုင်ငံမှ ပညာရေးအဖွဲ့ကို ညွှန်ကြားရေးမှူးချုပ်ဖြစ်သည့် ဆရာဦးကျော်မြင့်နှင့် တွေ့ဆုံရန် ကျွန်တော်လိုက်ပါ ခဲ့ရပါသည်။ အဆင့်မြင့်ပညာဦးစီးဌာန သုံးထပ် အလွှာတွင် ဆရာက ၁၉၇၆-၁၉၇၇ ခုနှစ် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ခေတ် ဒေသကောလိပ်များ ပေါ်ပေါက်လာပုံ၊ တိုင်းနှင့် ပြည်နယ် အချက်အချာ ကျသည့်ဒေသများတွင် တည်ထောင်ထားပုံ၊ ၁၉၈၀ ပြည့်နှစ်များတွင် မိခင်တက္ကသိုလ်များဖြစ်သော ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့နှင့် ပေါင်းစပ်ပြီး ပညာရေးဝန်ကြီးဌာနက ပြန်လည် တာဝန်ယူရပုံကို ရှန်းရှန်းဝေအောင် ရှင်းပြခဲ့ပါသည်။

တစ်နေရာတွင် ဩစတြေးလျနိုင်ငံ ပညာရေး အဖွဲ့ဝင်တစ်ဦးက “Photosynthesis” နှင့် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် ဘယ်လိုဆက်စပ်သလဲဆိုပြီး ခနဲ့တဲ့တဲ့ မေးခွန်းမေးလိုက်ရာ ဆရာဦးကျော်မြင့် အကျပ်ရိုက်သွားပါသည်။ သို့သော် အပြုံးမပျက် ဘဲ “You see, light is composed of energy packets” ဟု အစချီပြီး ရှင်းပြပါတော့သည်။ နေရောင်ခြည်ကြောင့် ရေမော်လီကျူးများပြိုကွဲပုံ၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ပေါင်းစပ်ပုံ၊ ကာဘိုဟိုက်ဒရိတ် ကစီဓာတ်များရလာပုံ၊ ဆန်ရေစပါး အထွက်တိုးလာပုံ၊ တောင်သူလယ်သမားများ၏ ဘဝမြင့်မားလာပုံ၊ “Now, we don’t exploit man by man” ဆိုပြီး ဆရာက ရှင်းပြခဲ့ပါသည်။

ဤသို့ဖြင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီးဒေါက်တာချစ်ဆွေ၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထွန်းမောင်၊ မော်လမြိုင် တက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီးဦးခင်မောင်တင့် (တက္ကသိုလ်ဘုန်းနိုင်)တို့နှင့် ဩစတြေးလျနိုင်ငံ ပညာရေးအဖွဲ့၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်းပြီး ပညာရေးကိစ္စ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ဆရာပါမောက္ခချုပ်ကြီးများက သူ့နည်း သူ့ဟန်ဖြင့် ဦးဆောင်ပြီးဆွေးနွေးခဲ့ပါသည်။ ပါမောက္ခချုပ် ဆရာကြီးဦးခင်မောင်တင့်က မော်လမြိုင်တက္ကသိုလ်သည် ပင်လယ်ကမ်းရိုးတန်း၌တည်ရှိရာ ရေချိုရေငန်၌ ကြွယ်ဝသော ရေသယံဇာတကိုအခြေပြုပြီး အဏ္ဏဝါဇီဝသိပ္ပံတက္ကသိုလ် (Marine Institute) အဖြစ် ပြင်ဆင်ဖွဲ့စည်းကာ ဩစတြေးလျနိုင်ငံရှိ အလားတူတက္ကသိုလ်နှင့်



**ဒေါက်တာမောင်ကျော်**
**(ပါမောက္ခချုပ် - ငြိမ်း)**

ချိတ်ဆက်ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးချက်ကို သူတို့အားကျပုံရပါသည်။ ဆရာကြီးက အနောက်တိုင်း ဆန်ဆန် ထိုပညာရေးအဖွဲ့ ညစာစားပွဲကို ဘီယာဖြင့် ဧည့်ခံခဲ့ပါသည်။ ကျွန်တော်တို့အားလုံး ပျော်ခဲ့ရပါသည်။ ပါမောက္ခချုပ် ဒေါက်တာချစ်ဆွေ နှင့် ဩစတြေးလျနိုင်ငံ ပညာရေးအဖွဲ့ တွေ့ဆုံဆွေးနွေး ပွဲအပြီးတွင် ဆရာက “ငါ့ညီ မင်းကို အမေရိကကို လွှတ်မယ်” ဆိုပြီး တပည့်အပေါ်ထားသည့် စေတနာကို နှုတ်ဖြင့်ဖွင့်ဟပြောခဲ့ပါသည်။

**သက်ရှိထင်ရှားရှိနေသည့် ကျွန်တော့်ဆရာနှစ်ဦး**

ယနေ့အချိန်အထိ သက်ရှိထင်ရှားရှိနေသော ကျွန်တော့်ဆရာတစ်ဦးဖြစ်သူ ပါမောက္ခချုပ် ဦးတင်ဦးလှိုင်သည် ၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန် တက္ကသိုလ် ပါမောက္ခချုပ်ဖြစ်လာပါသည်။ နောက်တစ်ဦးက ဗိုလ်တထောင်ကောလိပ် ကျောင်းအုပ်ကြီးတာဝန်၊ အခြေခံနှင့် အဆင့်မြင့်ပညာ ဦးစီးဌာနနှစ်ခုတွင် ညွှန်ကြားရေးမှူးချုပ်တာဝန်နှင့် အဆင့်မြင့်ပညာကဏ္ဍ ဒုတိယဝန်ကြီးတာဝန်များ ထမ်းဆောင်ခဲ့သော ဆရာကြီးဦးမျိုးညွန့် ဖြစ်ပါသည်။ မန္တလေးတက္ကသိုလ်ကျောင်းသားဘဝတွင် ဆရာဦးတင်ဦးလှိုင်က ရူပဗေဒကိုသင်ပါသည်။ ဆရာဦးမျိုးညွန့်က သင်္ချာသင်ပါသည်။ ဆရာ ဦးတင်ဦးလှိုင်က အမှောင်ချထားသော လက်တွေ့ ခန်းထဲတွင် “Newton’s Ring”၊ လက်စွပ်ကွင်း ကဲ့သို့ အလင်းရောင်ကွင်းဖြစ်လာပုံကို လက်တွေ့ မြင်ရရာ စိတ်ဝင်စားခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဆရာ ဦးတင်ဦးလှိုင် လက်ထက်တွင် တွဲဖက်ပါမောက္ခ ရာထူးတိုးဖို့ကြုံလာသည့်အခါ “မင်းတို့ဓာတုဗေဒက လုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ၊ စေ့စေ့စပ်စပ်ကိုမရှိ ဘူး၊ ပုံစံတွေပြန်စစ်၊ သွားလိုပါသည် မျဉ်းစောင်း( / ) မသွားလိုပါ ဆိုတဲ့နေရာမှာ အမှန်ခြစ်ရုံနဲ့မရဘူး၊ လက်ရေးနဲ့ ကိုယ်တိုင်ရေးမှကွ” ဆိုပြီး ဆရာ ဦးတင်ဦးလှိုင်က စေတနာဖြင့်ဆူပါသည်။ ထိုအခိုက် ကျွန်တော်၏မိတ်ဆွေ ကထိက ဦးစန်းတင့် ရောက်လာပါသည်။ “ဆရာကျော်၊ တစ်နိုင်ငံလုံး လစ်လပ်တဲ့နေရာ ရှစ်ခုထဲက ခုနစ်ခုတောင် ဖြည့်ထားပြီးပြီပဲ။ ဘာကြောင့် မြစ်ကြီးနားချန်ထား တော့မလဲတဲ့။” ဟုတ်သား။ နိုင်ငံရပ်ခြား ပညာသင် ခွင့်ရသော ကျွန်တော်က ကချင်၊ ရခိုင်၊ ရှမ်းပြည်နယ် တို့သည် ဝေးလံခေါင်ဖျားဟုယူဆရန် အကြောင်းမရှိ၊ လစ်လပ်သော တွဲဖက်ပါမောက္ခရာထူးအားလုံး၌ သွားရောက်တာဝန် ထမ်းဆောင်မည်ဖြစ်ကြောင်း ဆန္ဒပြုခဲ့ပါသည်။

ဆရာက တပည့်များအပေါ်ထားသော စေတနာ ကြောင့် နောက်ဆုံးရထားတွဲမှ လိုက်ပါခွင့်ရခဲ့ပါသည်။ မန္တလေးဘူတာကြီးတွင် ဇနီးနှင့်သမီးက ရန်ကုန် ပြန်၊ ကျွန်တော်က မြစ်ကြီးနားတက်၊ ဘဝသစ်ဖန်တီးဖို့ ဆိုသည့် အကြောင်းပြချက်ဖြင့် သုံးနှစ်ကျော်ကြာ မိသားစုနှင့်ခွဲနေခဲ့ပါသည်။ ထိုနေရာမှာပင် ကျောင်းအုပ် ကြီးတာဝန်ဖြင့် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလအထိ ကာလအတွင်း ကချင်ပြည်နယ်မှ ကျောင်းသား ကျောင်းသူ မြို့မိမြို့ဖအပေါင်းတို့က ပါရဂူဘွဲ့ရ ဆရာ၊ ကျောင်းအုပ်ကြီးဟူ၍ ဝမ်းသာအားရ ဂုဏ်ယူ သည့်အထိမ်းအမှတ်ဖြင့် ကချင်လွယ်အိတ်၊ ကချင်ဓား တို့ ချီးမြှင့်ခြင်းခံရပါသည်။ စာမျက်နှာ ၁၃ သို့ ❖

**❛ အနာဂတ်မျိုးဆက်သစ်လူငယ်များက ကျွန်တော်တို့ထားခဲ့သည့် အမွေအနှစ်များကို ခံစားကြရပါလိမ့်မည်။ ထိုသို့ လက်ဆင့်ကမ်းရင်း မန္တလေးတက္ကသိုလ်သည် နှစ်တစ်ရာပြည့်လွန် ပြည်ထောင်စုကြီး၏ အချိန်ကာလ၊ ဒေသအရ လိုအင်များဖြင့် ထင်ဟပ်မည့်ခရီးကို ဆက်ကြရဦးမည်။ ယှဉ်ပြိုင်မှုပြင်းထန်သော ကမ္ဘာကြီးတွင် မည်သို့မည်ပုံ၊ မည်သို့သောနည်းဖြင့် နေထိုင်သင့်သလဲဆိုသည့်အဖြေကို ရှာဖွေကြရဦးမည်။ ၂၁ ရာစု၏ အနာဂတ်ကိုရင်ဆိုင်ရန် ကျွန်တော်တို့၏ ပညာဉာဏ်၊ ဉာဏ်ရည်ဉာဏ်သွေး အမြော်အမြင်များ ပို၍လိုအပ်ပါလိမ့်မည်၊ နှလုံးသားအရည်အသွေးများ ပို၍လိုအပ်နေဦးမည် ❜**

# ထိုင်းဘုရင့်လေတပ်မှ Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



**နေပြည်တော် စက်တင်ဘာ ၁၈**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာလှုပ်ရှားမှုများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ရောက်ရှိနေသော ထိုင်းဘုရင့်လေတပ် ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကမ္ဘာအေးဘုရား နှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လည်ပတ်ကြည့်ရှုကြသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ထိုင်းဘုရင့်လေတပ်မှ ATR-72 လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာထိုင်းဘုရင့် လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ကော်မတီ အစည်းအဝေး (၂/၂၀၂၅) ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၄၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပူးတွဲကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မှု ရာခိုင်နှုန်းအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀၂၅ ခုနှစ်တွင် ၇၅ ဒသမ ၆ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး ရာခိုင်နှုန်း တိုးမြင့်ခဲ့ခြင်းသည် Category C မှ Category B သို့ ပြောင်းရွှေ့နိုင်ခဲ့ခြင်း၊ လုပ်ငန်းအဖွဲ့များ၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ မြေပြင်ဆောင်ရွက်မှုနှင့် အချက်အလက် ဖော်ပြချက်များအား စဉ်ဆက်မပြတ် အကဲဖြတ်ဆန်းစစ်သွားရန် လိုအပ်ကြောင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်၏ ထူးခြားချက်သည် အဖွဲ့ဝင်နိုင်ငံအများစုက သဘောတူလက်မှတ် ရေးထိုးခဲ့ကြသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နောက်ဆုံးထုတ်ပြန်ခဲ့သည့် သဘောတူစာချုပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ကော်မတီအစည်းအဝေးများကို ၂၀၁၇ ခုနှစ် မေ ၁၇ ရက်မှစပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့က ခြောက်လလျှင် တစ်ကြိမ် အလှည့်ကျ ဦးဆောင်ကျင်းပခဲ့ရာ ယခုအစည်းအဝေးသည် ၂၀၂၅ ခုနှစ်အတွင်း ဒုတိယအကြိမ် ပြုလုပ်သော အစည်းအဝေးဖြစ်ကြောင်း၊ လုပ်ငန်းတိုးတက်မှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလနှင့် ဇူလိုင်လအတွင်း Measures သုံးခု ထပ်မံ အကောင်အထည်ဖော်ပြီးစီးခဲ့သည့်အတွက် WTO Website တွင်ဖော်ပြထားသော မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု ရာခိုင်နှုန်း (Implementation Rate) သည် ၆၄ ဒသမ ၇ ရာခိုင်နှုန်းမှ ၇၅ ဒသမ ၆ ရာခိုင်နှုန်းသို့ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များက WTO Trade Facilitation Agreement ၏ အစီအမံများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ တိုးတက်မှုနှင့် ယခင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅) တွင် ချမှတ်ခဲ့သော အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုတို့ကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးမှုများအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲကော်မတီဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ် အမှာစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက လှည်းကူးမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ လှည်းကူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညီညီဌေး ဦးစီး၍ ရဲတပ်ဖွဲ့များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အေးအေးနွဲ့(လှည်းကူး)

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ဝေဠုဝန်စာသင်တိုက်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းပိုင် ဦးစီး၍ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



❖ စာမျက်နှာ ၁၂ မှ

ထို့နောက် ကျောင်းအုပ်ကြီးတာဝန်ဖြင့် ပဲခူးဒီဂရီကောလိပ်၌ ၁၉၉၉ ခုနှစ်အထိ၊ တစ်ဆက်တည်းတွင် တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ပညာရေးနှင့် စီမံခန့်ခွဲရေးတို့၌ ဦးဆောင်ခဲ့ပါသည်။

ပညာရေးက ဗလငါးတန်နှင့်ပြည့်စုံသော ပြည်ထောင်စုသားများ ပေါ်များလာစေရန် ကြိုးစားအားထုတ်နေရဦးမည်ဖြစ်ပါသည်။ ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များက ပို၍လုပ်နိုင်လေလေ၊ ထိုဒေသ၊ ထိုနိုင်ငံသည် ငြိမ်းချမ်းသာယာမည်၊ ဖွံ့ဖြိုးတိုးတက်မည်၊ နေချင်စဖွယ်ဖြစ်လာပါလိမ့်မည်။ ကိုယ့်တိုင်းပြည်ကို ပို၍ချစ်လာပါလိမ့်မည်။

မန္တလေးတက္ကသိုလ်ကြီး၏ နှစ်တစ်ရာပြည့်ကာလအတွင်း လောကီ၊ လောကုတ္တရာသာမက သံသရာခရီးအတွက်ကို လှစ်ဟဖွင့်ပြနေသလိုပင်။ ရှေးယခင်က တည်ထောင်ပေးခဲ့သော ဘိုးဘွားဘီဘင် မဟာဌာနမှူးကြီးများ၊ ပါမောက္ခများ၊ ဒုတိယအဓိပတိများ၊ ပါမောက္ခချုပ်များ အထင်ကရပုဂ္ဂိုလ်ကြီးများက မရှိတော့ပြီ။ ကျွန်တော့်ဆရာများဆိုပြီး ဖော်ညွှန်းခဲ့သော ဒေါက်တာမောင်ဒီ၊ ဓာတုဗေဒ ပါမောက္ခဆရာကြီး ဒေါက်တာခင်မောင်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချစ်ဆွေတို့သည် မန္တလေးတက္ကသိုလ် နှစ်တစ်ရာပြည့်သဘင်ကို မမီရှာဘဲ ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြပြီဖြစ်ပါသည်။

ဆရာကြီး ဦးမျိုးညွှန့်သည် ဘယ်ကာလများကတည်းက ကွန်ပျူတာကိုလေ့လာနေသလဲဆိုသည်ကို မသိသော်လည်း စိန်ရတုအလွန် ၁၉၉၆ ခုနှစ်က ညွှန်ကြားရေးမှူးချုပ် ဆရာကြီး ဒေါက်တာသိမ်းမြင့်၊ ကျွန်တော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောလွင်တို့ကို ကွန်ပျူတာပညာသင်ပေးခဲ့ပါသည်။ ကျွန်တော်က ၁၉၉၉ ခုနှစ်တွင် တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်၊ ဦးစောလွင်က ညွှန်ကြားရေးမှူးချုပ် ဖြစ်လာပါသည်။ ဆရာကြီး ဦးမျိုးညွှန့်က ပညာရေးဒုတိယဝန်ကြီး ဖြစ်လာပါသည်။

ပညာရေးလောက၌ ဆရာကြီးဦးမျိုးညွှန့်သည် ကွန်ပျူတာနှင့် တွဲအိပ်သလားဟု ထင်ရလောက်အောင် ကွန်ပျူတာကျွမ်းကျင်သူ၊ တက္ကသိုလ်/ကောလိပ်အသီးသီးမှ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခချုပ်အများစုက ဆရာ့ရှေ့တွင် ကွန်ပျူတာကိုင်ပြီး အလုပ်လုပ်ရန် လန့်ခဲ့ကြရပါသည်။ ဆရာက ညွှန်ကြားရေးမှူးချုပ်သက်တမ်း၊ ဒုတိယဝန်ကြီးသက်တမ်း အချိန်ကြာမြင့်စွာ ထမ်းဆောင်ခဲ့ပါသည်။ ယခုအချိန်အထိ သက်ရှိထင်ရှားရှိပြီး ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို မီသော ဆရာကြီးဖြစ်ပါသည်။

ကျွန်တော်တို့၏ နောင်တော်ကြီးများက တာဝန်ကျေခဲ့ပြီ။ နှစ်တစ်ရာအတွင်း မိဘ၊ အဘိုးအဘွား ဆရာသမားတို့၏ အမြော်အမြင်၊ စိတ်ကူးစိတ်သန်းကောင်းများဖြင့် စီမံပြုလုပ်ခဲ့ခြင်းကြောင့် ကျွန်တော်တို့က အသီးအပွင့် အမွေအနှစ်တို့ကို ခံစားနေကြရသူများ ဖြစ်ကြပါသည်။ ယမန်နေ့က ကိစ္စအဝဝသည် ကျွန်တော်တို့၏ အဘိုးအဘွား ဆရာသမားများ၏ ကဏ္ဍဖြစ်ပါသည်။ ယနေ့ကတော့ ကျွန်တော်တို့၏ ကိစ္စဝိစ္စများ၊ တာဝန်ဝတ္တရားများပင်ဖြစ်ပါသည်။ မနက်ဖြန်ကတော့ ကျွန်တော်တို့၏ မျိုးဆက်သစ် သားသမီးမြေးမြစ်များ၏ ကိစ္စဝိစ္စများ၊ တာဝန်ဝတ္တရားများ ဖြစ်ကြပါလိမ့်မည်။

အနာဂတ်မျိုးဆက်သစ်လူငယ်များက ကျွန်တော်တို့ထားခဲ့သည့် အမွေအနှစ်များကို ခံစားကြရပါလိမ့်မည်။ ထိုသို့ လက်ဆင့်ကမ်းရင်း မန္တလေးတက္ကသိုလ်သည် နှစ်တစ်ရာပြည့်လွန် ပြည်ထောင်စုကြီး၏ အချိန်ကာလ၊ ဒေသအရ လိုအင်များဖြင့် ထင်ဟပ်မည့်ခရီးကို ဆက်ကြရဦးမည်။ ယှဉ်ပြိုင်မှုပြင်းထန်သော ကမ္ဘာကြီးတွင် မည်သို့မည်ပုံ၊ မည်သို့သောနည်းဖြင့် နေထိုင်သင့်သလဲဆိုသည့်အဖြေကို ရှာဖွေကြရဦးမည်။ ၂၁ ရာစု၏အနာဂတ်ကို ရင်ဆိုင်ရန် ကျွန်တော်တို့၏ ပညာဉာဏ်၊ ဉာဏ်ရည်ဉာဏ်သွေး အမြော်အမြင်များ ပို၍လိုအပ်ပါလိမ့်မည်၊ နှလုံးသားအရည်အသွေးများ ပို၍လိုအပ်နေဦးမည်ဖြစ်ပါကြောင်း မေတ္တာဖြင့်ရေးသားအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယ ဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

**ပြောကြား**

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီး က အဖွဲ့ချုပ်မှ တာဝန်ရှိသူများ အနေဖြင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ဝိတ်တန်းများအလိုက် အင်အားပြည့် ဝင်ရောက်ယှဉ်ပြိုင် နိုင်ရန်၊ ဂျူဒိုအားကစားနည်းဖြင့် နိုင်ငံတော်အတွက် အောင်မြင်မှု ဆုတံဆိပ်များ ရယူပေးနိုင်ရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ် ဂျူဒိုအားကစား သမားများ ပေါ်ထွက်လာစေရန် လေ့ကျင့်မှုအပိုင်းနှင့် အုပ်ချုပ် ထောက်ပံ့မှုအပိုင်းများကို ကြိုးစား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိ ရကြောင်း၊ မြန်မာဂျူဒိုအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မား အောင် ကြိုးပမ်းဆောင်ရွက်ပေး နေသည့် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ အား မှတ်တမ်းတင်ဂုဏ်ပြုကြောင်း နှင့် ဂျူဒိုအားကစားနည်း ဖွံ့ဖြိုး တိုးတက်စေရေးအတွက် လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဂျူဒို အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂျူဒိုအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မား လာစေရေး၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် အခြား နိုင်ငံတကာအားကစားပြိုင်ပွဲများ တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရေး နှင့် အောင်မြင်မှုများ ပိုမိုရရှိစေရေး အတွက် အားကစားသမားများ၏ လေ့ကျင့်နေမှု အခြေအနေများ၊ အဖွဲ့ချုပ်၏ ဆောင်ရွက်လျက်ရှိ သည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွား မည်ဖြစ်၍ အဖွဲ့ချုပ်မှ တာဝန်ရှိသူ များ၊ အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများ အနေဖြင့် (၃၃)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံတော်အတွက် အောင်မြင်မှု များရရှိအောင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှကြိုးစားအားထုတ်လေ့ကျင့် သွားကြရန် တိုက်တွန်းမှာကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# FIFA MFF U19 FUTSAL YOUTH LEAGUE 2025

## ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ




**ရန်ကုန် စက်တင်ဘာ ၁၈**

FIFA MFF U19 FUTSAL YOUTH LEAGUE 2025 ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏ MFF Futsal Stadium ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အာရှဘောလုံး အဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ၊ တာဝန်ရှိသူ များနှင့် ပရိသတ်များက FIFA MFF U19 FUTSAL YOUTH LEAGUE 2025 နောက်ဆုံးပွဲစဉ် VUC ULAD FC အသင်း နှင့် YRG FC အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် FIFA MFF U19 FUTSAL YOUTH LEAGUE 2025 ပွဲစဉ်တွင် တာဝန်ယူခဲ့သော ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများကို အမှတ်တရဆု၊ FIFA MFF U19 FUTSAL YOUTH LEAGUE 2025ပြိုင်ပွဲ တွင် အသန့်ရှင်းဆုံးဆုရရှိသည့် Pacific Sunfar FC အသင်း၊ အကောင်းဆုံး ဂိုးသမားဆုရရှိသည့် YRG FC အသင်းမှ ကျောနံပါတ်(၁)၊ အကောင်းဆုံးကစား သမားဆုရရှိသည့် Winner Soccer FC အသင်းမှ ကျောနံပါတ်(၁၀)နှင့် ဆုရအသင်းများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြ သည်။

ယင်းနောက် FIFA MFF U19 FUTSAL YOUTH LEAGUE 2025 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် Winner Soccer FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ပေးအပ်ကြပြီး ချန်ပီယံဆုဖလား ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ရွှေတံဆိပ် ခုနစ်ဆုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိခဲ့သော ပဲခူးတိုင်းဒေသကြီး တင်းနစ်အားကစားသမားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တင်းနစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ခုနစ်ဆုဖြင့် စုပေါင်း တံခွန်စိုက် ဆုဖလားရရှိခဲ့သော ပဲခူးတိုင်းဒေသကြီး ဂုဏ်ဆောင် တင်းနစ်အားကစားသမားများအား ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ် အင်းတကော်မြို့ ဝမ်းဘောဒတ် တံတားမှစတင်ပြီး ပဲခူးတိုင်းဒေသ ကြီး အစိုးရအဖွဲ့ရုံးအထိ ကားလမ်း ဘေးဝဲ/ယာမှ ပြည်သူများက သောင်းသောင်းဖြဖြ စည်ကား သိုက်မြိုက်စွာ ကြိုဆိုကြသည်။

ထို့နောက် တင်းနစ်အားကစား သမားများအား ဂုဏ်ပြုခြင်း အခမ်း အနားကို တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး တော်ဝင်ဟံသာအစည်း အဝေးခန်းမ၌ ကျင်းပရာတိုင်းဒေသ ကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာ စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်တင်းနစ်အားကစားပြိုင်ပွဲ စုပေါင်း တံခွန်စိုက်ဆုဖလား၊ အမျိုးသားတံခွန်စိုက် ဆုဖလားနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားတို့ ကို ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေကျပ် သိန်း ၃၅၀ ကို ဂုဏ်ပြုချီးမြှင့်သည်။

ဆက်လက်၍ တင်းနစ် အားကစားအဖွဲ့ နည်းပြတစ်ဦးနှင့် အားကစားသမား တစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက် အထိ ကျင်းပခဲ့ပြီး ပဲခူးတိုင်း ဒေသကြီး ကိုယ်စားပြု တင်းနစ် အားကစားအဖွဲ့က အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ခု ၊ အမျိုးသား နှစ်ယောက်တွဲ ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ အမျိုးသား အသင်းလိုက်ပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ခု၊ အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ခု၊ အမျိုးသမီး အသင်းလိုက် ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခုနှင့် အမျိုးသားနှင့် အမျိုးသမီး(Mix Team)ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု စုစုပေါင်း ရွှေတံဆိပ် ခုနစ်ခု၊ အမျိုးသား အကောင်းဆုံးဆု၊ အမျိုးသမီး အကောင်းဆုံးဆု၊ အမျိုးသား တံခွန်စိုက်ဆုဖလား၊ အမျိုးသမီး တံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားတို့ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကျိုက်လတ်မြို့နယ်၌ အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ကျိုက်လတ် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီက ယမန်နေ့နံနက်ပိုင်းတွင် အမှတ်(၃) ရပ်ကွက် (၇)လမ်း၌ ဒေသခံပြည်သူများအတွက် အခြေခံစားသောက်ကုန် ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်တစ်ပြည် ငွေကျပ် ၂၅၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၇၀၊ စားသုံးဆီ တစ်ပိဿာ ငွေကျပ် ၇၂၀၀၊ ဝက်သား တစ်ပိဿာ ငွေကျပ် ၂၄၈၀၀ နှုန်း တို့ဖြင့် ရောင်းချပေးခဲ့ပြီး ဒေသခံပြည်သူများ ဝယ်ယူအားပေးနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ် စားသုံးသူရေးရာဦးစီးဌာန အပါအဝင် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး အခြေခံစားသောက်ကုန် ပစ္စည်းများ လုံလောက်စွာရောင်းချပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက် ပေးခဲ့သည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၈**

၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) အခြေခံပညာ ကျောင်းသားအားကစား ပွဲတော်ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ်၊ တိုင်းဒေသ ကြီးဝန်ကြီးများက အားကစားပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲအသင်းသားများအား လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ခုနှစ် ဘရူနိုင်းနိုင်ငံတွင်ကျင်းပမည့် (၁၄) ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲကို ပညာရေး ဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက အားကစားနည်း လေးမျိုးဖြစ်သည့် ပြေးခုန်ပစ်၊ ကြက်တောင်ရိုက်၊ ဘတ်စကက်ဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းသား အားကစားပြိုင်ပွဲများကျင်းပပြီး မျိုးဆက်သစ် အားကစားသမားများရွေးချယ်၍ အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့် ပွဲစဉ်အဖြစ် ကလောခရိုင်နှင့် လွိုင်လင်ခရိုင်တို့ ယှဉ်ပြိုင် ကစားကြရာ လွိုင်လင်ခရိုင်က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် တောင်ကြီးမြို့နယ် ထီဖောင်းကျေးရွာအုပ်စုရှိ ညီမြိုမီးကွင်းတွင် ဘောလုံးအကယ်ဒမီဆောက်လုပ် ရန်အတွက် လျာထားမြေနေရာကို သွားရောက် ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# လူငယ်ကြက်ခြေနီမူဝါဒ မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လူငယ်ကြက်ခြေနီမူဝါဒ မိတ်ဆက် ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ရှိ INYA LAKE HOTEL ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က အမှာစကား ပြောကြားရာတွင် ယခုမူဝါဒသည် မူဝါဒသက်သက် မဟုတ်ဘဲ ကြက်ခြေနီလှုပ်ရှားမှုနှင့် လူထု အတွင်းမှ လူငယ်များ၏ အခန်း ကဏ္ဍကို အားကောင်းစေမည့် မှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ အသင်း၏ ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍတွင် အရေးကြီး သော ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ လူငယ်များ၏ စွမ်းပကားဖြင့် အသင်း၏ ပိုမိုကောင်းမွန်သော အနာဂတ်ခရီးလမ်းကို မျှော်လင့် ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အသင်းအလုပ် အမှုဆောင် ပါမောက္ခဒေါက်တာ မာလာဝင်းက လူငယ်ကြက်ခြေနီ မူဝါဒရေးဆွဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ ညွှန်ကြား ရေးမှူးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မှ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Ms. Nadia Khoury နှင့် တာဝန်ရှိသူများ၊ အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများ၊ မိတ်ဖက် ကြက်ခြေနီအသင်းများမှ တာဝန် ရှိသူများနှင့် ကြက်ခြေနီလူငယ် ခေါင်းဆောင်များ တက်ရောက်ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စကားဝိုင်းဆွေးနွေး

**ပြင်ဦးလွင် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး နှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရွှေစာဝိုင်းကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

စကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက စကားဝိုင်းများ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာမ ပုညခင်ရေးသားသည့် “အထက်တန်း စားရေ” စာအုပ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ရွှေစာဝိုင်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဖတ်ရှုထားသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြရာ ပြင်ဦးလွင်ခရိုင် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် စာရေးဆရာ ကိုရွှေအောင် သင်းက ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ကျောင်းသား ကျောင်းသူများကလည်း မိမိတို့၏ အမြင်များကို ချစ်ခင်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စကားဝိုင်းတွင် ဆွေးနွေးပေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများအား အသိပညာပေးနံရံကပ်စာစောင်များ၊ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သထုံမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**သထုံ စက်တင်ဘာ ၁၈**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ လူငယ် ရေးရာအသိပညာပေးဟောပြောပွဲ ကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လှမဥ္ဇူခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက် ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာ များအသင်းဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်က လူငယ် များ အကျင့်စာရိတ္တ ကောင်းမွန် ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ် အတွက် ရည်မှန်းချက်ထားရှိကြ ရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျော ညီထွေ နေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေး ဆိုင်ရာများကို လည်းကောင်း ဆွေးနွေးဟောပြောကြရာ ကျောင်း သားကျောင်းသူများက သိလို သည်တို့ကို မေးမြန်းကြပြီး ဟောပြောသူများက ပြန်လည် ရှင်းလင်းပေးခဲ့ကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**



# အလက(ကွင်းကြီး)၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောင်းကုန်း စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကွင်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အလက(ကွင်းကြီး)ကျောင်းအုပ်ဆရာကြီး ဦးမင်းမော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်ပို့ပို့ဇင်က မီးခိုး မြူငွေ့ဆိုင်ရာ အသိပညာပေးဟောပြောသည်။ ဆက်လက်၍ အားကစား နှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးထွန်းထွန်းဝင်းက အားကစား နှင့်အခွင့်အလမ်းအကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးတင်ကို က ကုန်စည်များနှင့်စပ်လျဉ်း၍ ရွေးချယ်ဝယ်ယူအသုံးပြုရာတွင် သတိပြုရမည့် ကုန်ညွှန်းအမှတ်အသားဖော်ပြခြင်းကို ရှင်းလင်း ပြောကြားခဲ့ပြီး အားကစားမှူး ဦးထွန်းထွန်းဝင်းက ဘောလုံးတစ်လုံး ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးသစ်ဖွင့်ပွဲ ကျင်းပ



ညောင်ဦး စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြို့နယ်ပညာရေးမှူးရုံး RCC နှစ်ထပ်ဆောင်ရုံးသစ်ဖွင့်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကုန်းတန်းကြီးကျေးရွာအုပ်စု ညောင်ဦး–ကျောက်ပန်းတောင်းသွားကားလမ်းမကြီးဘေး မြို့နယ်ပညာရေးမှူးရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လောကနန္ဒာစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယ အရှင်သူမြတ်ဦးဆောင်၍ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်လှူပူဇော်ကြပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ရုံးသစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းခဲ့ကြောင်း သိရသည်။

ဒီပါလင်း



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဘုရားတောင်အမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်စိုးနိုင်ထွန်း ဦးစီးတပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာ ရွှေလရောင်ဘုန်းတော်ကြီးကျောင်းတိုက်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ကိုရဲ

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တစ်လလျှင် ဆန်တန်ချိန်သုံးသိန်း ပြည်ပတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှဩဂုတ်လကုန်အထိ တစ်လလျှင်ဆန်တန်ချိန်နှစ်သိန်း ပြည်ပသို့ ပုံမှန်တင်ပို့နေပြီး စက်တင်ဘာလတွင် တန်ချိန်နှစ်သိန်း အောက်တိုဘာလမှစ၍ ၂၀၂၆ ခုနှစ်မတ်လအထိနောက်ပိုင်းလများတွင် တစ်လလျှင် တန်ချိန်သုံးသိန်းစီ ပြည်ပတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ရောင်းချနိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတွင် ဆန်ဈေးနှုန်းများ ကျဆင်းခဲ့သော်လည်း ယခုဖြစ်ပေါ်နေသည့် ဈေးနှုန်းထက်ထပ်မံကျဆင်းရန်မဖြစ်နိုင်ကြောင်း နိုင်ငံတကာဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင် ပို့ကုန်ဆောင်ရွက်နေသည့် Exporter ကုမ္ပဏီကြီးများအနေဖြင့် မိမိတို့ ပုံမှန်ဝယ်ယူနေသောဒေသရှိနယ်စက်ပိုင်၊ နယ်ကုန်သည်များနှင့်ချိတ်ဆက်၍ တောင်သူများထံမှ စပါးဆန်ဝယ်ယူမှုများကို အင်တိုက်အားတိုက်ဆောင်ရွက်ပြီး ဈေးကွက်ဝယ်လိုအားကို မြှင့်တင်ပေးရန်နှင့် ထိုသို့ဝယ်ယူပြီးစီးမှုအပေါ် သယ်ယူပို့ဆောင်မှု၊ ဆန်ကြိတ်ခွဲမှု၊ ပြည်ပတင်ပို့မှုစသည့်ကိစ္စရပ်များ၌ ငွေကြေးလုပ်ငန်းအခက်အခဲများ ဖြစ်ပေါ်ပါက အသင်းချုပ်သို့ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်တင်ပြပေးရန်၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မှတ်တမ်းပြုစုထားရှိပေးနိုင်ရန်နှင့် အဆိုပါစပါးဆန်ဝယ်ယူစုဆောင်းမှု မှတ်တမ်းကို အသင်းချုပ်၏ export @ mrf.com . mm သို့ အပတ်စဉ်သောကြာနေ့တိုင်း ပေးပို့ရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

မျိုးမင်းသူရ





## “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၈

“ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် သန်လျင်မူလတန်းကြိုကျောင်းနှင့် သုဝဏ္ဏမူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း စက်တင်ဘာ ၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ MRTV – HD Channel တွင် စက်တင်ဘာ ၂၂ ရက်(တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စားသောက်ကုန်လုပ်ငန်းသုံးဆီ ထုတ်ယူသုံးစွဲနေသည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆီဖြန့်ဖြူးပေးမှုအား ရှင်းလင်းပြောကြား



မြန်အောင် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနတို့က မြို့နယ်အတွင်း စားသောက်ကုန်လုပ်ငန်းသုံးဆီ ထုတ်ယူသုံးစွဲနေသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဆီဖြန့်ဖြူးပေးမှုအား ရှင်းလင်းပြောကြားခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်နိုင်ဝင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်နှင့် မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဇော်ဦးတို့က လုပ်ငန်းလိုင်စင်ပြုလုပ်ရေး၊ လုပ်ငန်းသုံးစားအုန်းဆီများ စနစ်တကျခွဲဝေပေးနေမှုအခြေအနေများ၊ ဆီရရှိမှုနှင့် ခွဲဝေဖြန့်ဖြူးပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်အောင်မြို့နယ်အတွင်း လုပ်ငန်းသုံးဆီထုတ်ယူသုံးစွဲသည့် လုပ်ငန်းရှင် ၁၆၃ ဦးတို့အား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဆီဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်အောင်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၉-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၀၅ | ၃၂၆၀ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၂၉၅ |
| 95 Ron | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၅၆၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၃၀ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၅ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၈၀ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၂၇ | ၂၈၁၅ |
| 95 Ron | ၂၈၀၁ | ၂၈၉၁ |
| HSD (500 ppm) | ၂၄၁၉ | ၂၄၉၇ |
| HSD (50 ppm) | ၂၉၉၇ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၇ | ၃၀၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၈ ရက် မြန်မာစံတော်ချိန် ၁၉ နာရီ ၁၁ မိနစ် ၅၇ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်ဘက် ၃၂၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ(Andaman Islands, India Region) မြောက်လတ္တီတွဒ် ၁၂ ဒသမ ၁၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၅၀ ဒီဂရီ၊ အနက် ၂၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာ စကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင် လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး(KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၀၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသားတားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





## ရမည်းသင်းမြို့နယ်၌ ယူရီးယားမြေဩဇာနှင့် သဘာဝမြေဩဇာ စုပေါင်းကြဲပက်

ရမည်းသင်း စက်တင်ဘာ ၁၈

ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာအုပ်စု တောင်သူဦးမောင်ဇော်၏ မိုးရာသီအောင်နိုင်တိုးစပါးငါးကေ၌ ယူရီးယားမြေဩဇာနှင့် သဘာဝမြေဩဇာ ၁:၃ ရောစပ်၍ ယမန်နေ့နံနက်ပိုင်းတွင် စုပေါင်းကြဲပက်သည်။

အဆိုပါ မြေဩဇာကြဲပက်ပွဲသို့ ရမည်းသင်းခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် တောင်သူလယ်သမားများ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## သာပေါင်းမြို့နယ်ရှိအဆင့်မြင့်ဆန်စက်များအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

သာပေါင်း စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် နေယုအဆင့်မြင့်ဆန်စက်ကို မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစကောင်းပြည့်လင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး၊ လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှုအခြေအနေများ စစ်ဆေးကာ မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်းသိရသည်။ ရောဦးသာ





**ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းက အ-ထ-က (ပေါင်းတည်)နှင့် ပြည်သူ့ဆေးရုံဝင်းတို့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်နိုင် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့ရုံးနှင့် မြို့မရဲစခန်းတို့မှတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။**

မြို့နယ်(ပြန်/ဆက်)





☆ **နေရာအနှံ့အပြားမှ**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❖ **လက်ရှိချန်ပီယံမှ**

ပီအက်စ်ဂျီအသင်းဟာ မေလအတွင်းက ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ အင်တာမီလန်အသင်းကို ငါးဂိုးပြတ်အနိုင်ရပြီး ချန်ပီယံလိဂ်ဖလား ပထမဆုံးဆွတ်ခူးခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ချယ်လ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းက ချယ်လ်ဆီးကစားသမား ချာလိုဘက်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလို ဖြစ်ခဲ့တဲ့သွင်းဂိုးတစ်ဂိုး၊ ဟယ်ရီကိန်းရဲ့ သွင်းဂိုးနှစ်ဂိုးတို့ရရှိခဲ့ပြီး ချယ်လ်ဆီးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ကိုးလ်ပယ်မားက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့တာဖြစ်ပြီး လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ရောဘတ်ဆန်၊ မိုဟာမက်ဆာလာနဲ့ ဗန်ဒိုက်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုတော့ မားကို့စ်လော်ရန်တီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မားကို့စ်လော်ရန်တီဟာ ၂၀၂၀ ပြည့်နှစ်က အန်ဖီးလ်ကွင်းမှာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်မှာလည်း အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခြားသောချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ အင်တာမီလန်အသင်းက အေဂျက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး အိုလံပီယာကို့စ်အသင်းနဲ့ ပါဖို့စ်အသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ဆလာဗီယာပရက်ဂ်ျအသင်းနဲ့ ဘိုဒိုအသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေစသည်ဖြင့် ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ရမည်းသင်းအကျဉ်းထောင်၊ မြို့မရဲစခန်း အချုပ်ခန်းနှင့် နေပြည်တော် တပ်ကုန်းမြို့ရှိ ကင်းသာ(၁) ကုန်ထုတ်စခန်းနှင့် ကင်းသာ(၂) ကုန်ထုတ်စခန်းတို့ကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော အဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၁၇ ရက်တွင် ရမည်းသင်းအကျဉ်းထောင်အား ကော်မရှင်အဖွဲ့ဝင် ဦးဆောင်သော အဖွဲ့က ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံပြီး အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ ရောဂါအခြေအနေအပေါ်မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု၊ သန့်ရှင်းသော သောက်ရေပေးဝေမှုနှင့် ချိုးရေ၊ သုံးရေလုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှု၊ ယုံကြည်ရာ ကိုးကွယ်သည့်ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနေမှု အခြေအနေတို့ကို မေးမြန်းကြသည်။

ထို့အတူ အကျဉ်းသား/အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများက လည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ၊ ထောင်ဝင်စာလာရောက် တွေ့ဆုံသည့် အကျဉ်းသားမိသားစုဝင်တို့ကို ထောင်ဝင်စာအခက်အခဲ ရှိ/ မရှိ၊ အကျဉ်းသားအတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှု ရှိ/ မရှိ စသည်တို့ကို မေးမြန်းပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူသုံးဦးအား မေးမြန်းမှတ်တမ်းတင်ခဲ့ပြီး ယခင်အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို လိုက်လံစစ်ဆေးကြသည်။

အလားတူ စက်တင်ဘာ ၁၈ ရက်တွင် အကျဉ်းဦးစီးဌာန ကင်းသာ(၁) ကုန်ထုတ်စခန်းနှင့် ကင်းသာ(၂) ကုန်ထုတ်စခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်အလိုက် စုစည်းတွေ့ဆုံပြီး အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှု၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ အချိန်ပိုအလုပ်ဆင်းစေမှု ရှိ၊ မရှိ၊ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှု ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိစသည်တို့ကို မေးမြန်းကာ သီးခြားတွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသားခုနစ်ဦးတို့အား မေးမြန်းမှတ်တမ်းတင်ကြသည်။

ထို့နောက် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံခန်း၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ/ချိုးရေကန်များနှင့် အတွင်း / အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ/မရှိနှင့် ထောင်ဝင်စာတွေ့ဆုံသည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည့်အပြင် ယခင်အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုကဲ့သို့ ရမည်းသင်းအကျဉ်းထောင်၊ ကင်းသာ (၁) ကုန်ထုတ်စခန်းနှင့် ကင်းသာ (၂) ကုန်ထုတ်စခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်က လှူဒါန်းခဲ့သည်။

ထို့အတူ ရမည်းသင်းမြို့မရဲစခန်းအချုပ်ခန်းအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရမန်ကာလ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှု၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့ကို အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် မော်လမြိုင်အချုပ်ထောင်အား ကြည့်ရှုစစ်ဆေး

**မော်လမြိုင် စက်တင်ဘာ ၁၈**

မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်ငွေးမြင့်အေးသည် ပြည်နယ်တရားရေးဦးစီးမှူး ဦးထွန်းထွန်းအောင်၊ မော်လမြိုင်ခရိုင်တရားသူကြီး ဦးအောင်သိန်းဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက မော်လမြိုင် အချုပ်ထောင်အား ကြည့်ရှုစစ်ဆေးရာ အချုပ်ထောင်တာဝန်ခံအရာရှိက အချုပ်ထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အချုပ်ထောင်အတွင်း အကျဉ်းသား/ အကျဉ်းသူများ၊ အချုပ်သား/အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်နှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှု၍ ၎င်းတို့၏ ဥပဒေပါအခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ၊ အစားအသောက်များ ကျွေးမွေးရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုမေးမြန်းပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**





# ဓာတ်မြေဩဇာအရောင်းဆိုင်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလိုက်လံစစ်ဆေး

**ကန်ကြီးထောင့် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနကကြီးမှူး၍မြို့နယ်အတွင်းရှိဓာတ်မြေဩဇာအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် လိုက်လံစစ်ဆေးခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး၏ လမ်းညွှန်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးနိုင်သက်လင်း ဦးဆောင်၍ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဓာတ်မြေဩဇာအရောင်းဆိုင်များတွင် Ammonium Nitrate ပါဝင်သည့်ဓာတ်မြေဩဇာများရောင်းချမှုရှိ/မရှိစစ်ဆေးခြင်း၊ အရောင်းဆိုင်အတွင်းအသုံးပြုလျက်ရှိသော လျှပ်စစ်ပစ္စည်းများကောင်းမွန်မှုရှိ/မရှိစစ်ဆေးခြင်း၊ ရေရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေများစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် မီးသတ်ဆေးဘူးထားရှိမှုအခြေအနေများ စစ်ဆေးခြင်းဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန် လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၈**

အလုပ်သမား ဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင်ရုံးမှ သင်ထောက်ကူ မော်တော်ယာဉ်ဖြင့် အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီမှစတင်ကာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အရှေ့ဒဂုံစက်မှုဇုန်ရှိ Sanyuan Overseas အထည်ချုပ်စက်ရုံ၊ Jinxin Technology Co.,Ltd



လျှပ်စစ်ပစ္စည်းစက်ရုံ၊ (၁၀၉) ရပ်ကွက်ရှိ Bcc Jewelry Mfg ဖန်စီပစ္စည်းစက်ရုံ၊ Myanmar Bangqi Leather Good Co.,Ltd အိတ်ချုပ်စက်ရုံတို့တွင် ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၊ ဦးစီးအရာရှိ ဦးအောင်မြတ်သူတို့က အလုပ်ရှင်နှင့် အလုပ်သမားတို့အား အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များဖြစ်သော အလုပ်ချိန်၊ နားချိန်၊ နားရက်၊ အချိန်ပို၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ခလစာ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်သာချောင်ချိရေး ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အေးမဉ္ဇူ**

# ဒလမြို့နယ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကမာကဆစ်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်သန္တာအောင်က ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးသုံးစွဲသူဘဝမရောက်ရှိရန် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် မိတ်ဖွဲ့ခြင်းမပြုလုပ်ရန်၊ မည်သည့်မူးယစ်ဆေးဝါးကိုမှ စမ်းသပ်သုံးစွဲခြင်း



မပြုလုပ်ရန်၊ မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးသုံးစွဲခြင်း၏ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးသုံးစွဲခြင်း၏ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။ **ခင်စန္ဒာမြင့်(ပြန်/ဆက်)**

## “ဦးသီဟန်(ISN–၀၄၀၅၅၂)နှင့် ဒေါ်ဝင်းဝင်းကြည် (MTA–၁၈၁၉၀၀)တို့အား အကြောင်းကြားတောင်းဆိုခြင်း”

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ မြေကွက်အမှတ်(၂၉၇)ဖြစ်သည့် အရပ်အခေါ် အိမ်အမှတ်(၆)၊ Block No.(၆၅)၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော ဧရိယာ(၀.၀၅၅)ဧက အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် လူကြီးမင်းတို့ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါမြေနှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေများမှ တရားဝင် အမည်ပြောင်းဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုရန်လိုအပ်နေပါသည်။ သို့ဖြစ်ရာ လူကြီးမင်းတို့အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ကိုလာရောက်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း လူကြီးမင်းကို အကြောင်းကြား အသိပေးအပ်ပါသည်။ လူကြီးမင်းကို ဆက်သွယ်ရှာဖွေ၍ မရသည့်အတွက် ယခုကဲ့သို့ သတင်းစာတွင် ကြေညာရခြင်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန်(LL.B)** **ဒေါ်ကြည်ကြည်ထွေး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၀၀)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၁၁၄၁၄၁၊ ၀၉–၄၀၀၁၀၁၄၁၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃၈၊ မြေကွက်အမှတ်– ၃၆၆၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိဦးစောငွေ [၁၂/အစန(နိုင်)၀၂၂၉၄၅]အမည်ပေါက်ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်ဆက်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မိုးအောင် [၁၂/သလန(နိုင်)၀၀၀၀၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းမေကြည်အေးမောင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၈၈)**
**အမှတ်–၁၁၀/က၊ တက္ကသိုလ်ပတ်လမ်း–(၁)၊ (၅၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၆၆၂၄၃၀၂၅**




## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်–၄၃၊ လူနေရပ်ကွက်အမှတ်– ထ/၁၆ ရပ်ကွက်၊ သံလွင်(၂)လမ်း၊ ခြံမြေအမှတ်–၂၁၉(က+ခ)ဟုခေါ်တွင်သော ဒေါ်ကြည် အမည်ပေါက် အိုးအိမ်ပါမစ်နှင့်အတူ ဆက်စပ်စာချုပ်များ လက်ဝယ်ရှိ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ ခြံမြေကွက်နှင့်ပတ်သက်ပြီး ခြံမြေအကျယ် အနံ(၄၀)ပေx အလျား(၆၀)ပေတို့၏ ခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိ၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်စန္ဒာဝင်း[၁၂/မဂဒ(နိုင်) ၀၂၄၈၇၅]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိန်ဝင်း[၁၁/မပန(နိုင်)၁၀၇၂၆၃]က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းများယူဆောင်ပြီး ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်စိန်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုးစံပယ်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၁၄၈)**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၇၄၁၃၃၂၊ ၀၉–၄၂၉၃၇၈၄၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ သီဟလမ်း၊တိုက်အမှတ်(၅၁)၊ တတိယထပ်၊(ခြေရင်းခြမ်း)အကျယ်အဝန်း (အလျား၁၇xအနံ၅၄)ပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးစိုးမြင့်[၁၂/ဗဟန(နိုင်)၀၂၀၂၆၂]** အမည်ဖြင့် မှတ်သားထားပြီး တိုက်ခန်းအား လက်ရှိပိုင်ဆိုင်ထားသော **ဦးဝင်းကျော်ထူး(ကန်ထရိုက်တာ) [၁၂/ဗဟန(နိုင်)၀၈၄၄၆၇]**မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက်ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဦးအောင်ထက်ကျော်[၁၂/လကန(နိုင်)၁၈၉၁၇၀]နှင့် ဒေါ်ထက်ထက်လင်း [၁၂/လကန(နိုင်)၂၃၃၇၁၇]**တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေများ မသိရှိဘဲ အခြားသူတစ်ဦးဦးထံ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ဘဏ်အပေါင်ထားရှိခြင်းတို့အား မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)(၉–၂–၂၀၂၂)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## ဖခင်အမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက–၂ကျောင်း Grade–12 မှ မောင်ဥက္ကာမောင်၏ ဖခင်အမည်မှန်မှာ ဦးအုံးလွင် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်–(၇၂၂)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်သီရိ(၆)လမ်း၊ အမှတ်(၇၂၂)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဘီဒေးဗစ် [၁၂/ဗဟန(နိုင်)၀၈၃၀၂၂] က အမည်ပေါက်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ထွန်းအောင် [၁၂/ဥကတ(နိုင်)၁၆၁၇၉၆]က အဆိုပါ မြေနှင့်အိမ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်ထွန်းအောင် [၁၂/ဥကတ(နိုင်)၁၆၁၇၉၆] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအောင်(LL.B., D.B.A., D.B.L., D.M.L.)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၈၅)**
**အမှတ် (၃၈၃)၊ ၃–လွှာ/အေ၊ (၁၃)လမ်း၊ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၂၅၀၂၇၇၈၉၅၊ ၀၉–၇၉၉၂၉၄၈၉၄**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဝင်းဦး၏ သမီး စန္ဒာမိုး [၁၂/ဥကတ(နိုင်) ၂၀၂၀၆၄]၏ ယခင်နိုင်ငံကူး လက်မှတ်(မှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–09–676672373

## မိုဟာမွှဒ်ယာစီးန် နှင့်အများသိစေရန်

**“ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄) ရပ်ကွက်၊ (၂၈)လမ်း (အလယ်)၊ အမှတ်–၉၆၊ ဒုတိယထပ်/ဝဲ”**၌ ရုံးခန်းဖွင့်လှစ်ထားသည့် မြန်မာမွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ်(ဗဟို)သို့ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၂၂/၂၄)နေ ဦးအစ္စမာအီးလ်၏သမီး ဖရီဒါဘီ (ခ) စုနိုင်လွင် [၁၂/မဂတ(နိုင်)၁၀၁၅၈၀]က ၎င်း၏ အိမ်ထောင်ရေးပြဿနာနှင့်ပတ်သက်၍ ဖြေရှင်းပေးရန် (၂၄–၇–၂၀၂၅)နေ့တွင် လာရောက်လျှောက်ထားခဲ့ရာ အဖွဲ့ချုပ်မှ ဦးမိုဟာမွှဒ်ဟူစိန်၏သား မိုဟာမွှဒ်ယာစီးန် MTNT– ၀၁၆၇၂၈ ထံသို့ ဆင့်ခေါ်စာ (၃) ကြိမ် ပေးပို့ခဲ့ပြီးသော်လည်း လူကိုယ်တိုင် လက်ရောက်ဖြေရှင်းခြင်းမရှိခဲ့သဖြင့် အထက်ဖော်ပြပါ လိပ်စာရှိ အဖွဲ့ချုပ်ရုံးသို့ (၃–၁၀–၂၀၂၅) နေ့ မွန်းလွဲ ၂:၀၀ နာရီတွင် ကိုယ်တိုင်လာရောက်ဖြေရှင်းပါရန်နှင့် လူကြီးမင်းလာရောက်ရန် ပျက်ကွက်ခဲ့ပါက ဖရီဒါဘီ (ခ) စုနိုင်လွင်နှင့် သက်သေများ၏ တင်ပြထွက်ဆိုချက်များအရ အစ္စလာမ်တရားဥပဒေနှင့်အညီ ဓမ္မသတ်ဆုံးဖြတ်ချက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း နောက်ဆုံးအကြိမ် အသိပေး ကြေညာအပ်ပါသည်။

**မြန်မာမွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ်(ဗဟို)**
**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်မင်းဦး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၂၇၆/၂၀၂၁)**
**အမှတ်–၁၅၃၊ (၅–လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၈၆၆၃၅၆၉၇**

## “အများသိစေရန် ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဆွေဝင်း (ဘ)ဦးဇော်ထွန်းအောင် [၁၂/ခရန(နိုင်)၁၁၃၀၉၀] သည် ဗေဒင်ဟောပြောခြင်း၊ လောကီပညာဆိုင်ရာ အကြံပေးခြင်းများကို ငွေကြေးသတ်မှတ်တောင်းခံခြင်းမရှိ မေတ္တာစေတနာကြေးသာ ရယူလျက်ကောင်းသော နာမည်ဂုဏ်သတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦးဖြစ်ပါသည်။ ထိုသို့ လုပ်ကိုင်ရာတွင် ဦးကျော်ဆွေဝင်းသည် ဖုန်းနံပါတ် – 09–899185264 ဖုန်းနံပါတ်တစ်ခုတည်းကိုသာ အသုံးပြုလျက် အဆိုပါဖုန်းဖြင့်ပင် Wave Pay, K Pay, Viber, Telegram အကောင့်များကို Kyaw Swe Win အမည်ရင်းဖြင့်သာ ဖွင့်လှစ်အသုံးပြုလျက်ရှိပါသည်။ အခြားဖုန်း၊ အခြားအမည်များမရှိပါ။

ယခုအခါ ကျွန်ုပ်မိတ်ဆွေအမည်၊ ဓာတ်ပုံများ၊ Post များကိုအသုံးပြု၍ အကောင့်တုများဖွင့်ကာ ကျွန်ုပ်မိတ်ဆွေဟန်ဆောင်၍ ငွေကြေးများ လိမ်လည်တောင်းခံလျက်ရှိကြောင်း သိရှိရသဖြင့် ထိုသို့ လိမ်လည်ပြုလုပ်သူများအား စုံစမ်းလျက် ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်းနှင့် မသမာသူတို့၏ လိမ်လည်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကိစ္စအဝဝကို ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကျော်ဆွေဝင်း** | **ဒေါ်ခင်ခင်ဆု (LL.B)** |
| **[၁၂/ခရန(နိုင်)၁၁၃၀၉၀]** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၉၆၇)** |

**အမှတ်(၁၈၄)၊ (ပထမထပ်)၊ ၃၈လမ်းအလယ်ဘလောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၂၅၄၃၁၈၂၉၈၊ ၀၉–၇၉၄၃၁၈၂၉၈**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ သုံးဆယ်ကျေးရွာ၊ ဈေးကုန်းရပ်နေ မစုစုထွေး၏ ဖခင်အမည်မှန်မှာ ဦးအဗ္ဗဒူလ်စတ္တားခန်း [၁၃/နခတ(နိုင်)၁၂၉၇၉၆] ဖြစ်ပါကြောင်း။

**ဦးအဗ္ဗဒူလ်စတ္တားခန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်သီတာထွန်း [၁၂/သလန(နိုင်)၂၀၈၃၉၅] ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကွင်းအမှတ်(၆၆၅/စီ)၊ ကညင်ပင်ချောင်း၊ ဦးပိုင်အမှတ်(၆/၇)၊ ဧရိယာ(၀.၁၀)ဧက၊ (၈၀x၆၀)ပေရှိ ဒေါ်လှလှမြင့် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဒေါ်လှလှမြင့် [၁၂/ဗတထ(နိုင်)၀၂၉၂၁၂]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်သီတာထွန်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ရတနာလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၉၆၄)**
**အမှတ်(၄၄)၊ ၁၂–လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉– ၉၆၅၀၄၃၉၅၅**

## အမည်မှန်

နောင်ချိုမြို့ အ.ထ.က(၁) Grade–12 မှ အဖဦးသြဒ၏ သမီးအမည်မှန်မှာ မနန်းစံမွန်း [၁၃/နခတ (နိုင်) ၁၃၀၉၀၉]ဖြစ်ပါကြောင်း။

**မနန်းစံမွန်း**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၂၈၉–က)၊ ဓမ္မာရုံလမ်း၊ အပိုင်း(၂)၊ မြေတိုင်း(ဒ/၆၃)၊ (၁၇)ရပ်ကွက် လိပ်စာပါ ဦးစံမြ [၁၂/လမန(နိုင်)၀၃၈၅၄၁]အမည်ပေါက် ပေ (၂၀x၆၀) စည်ပင်ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိလက်ဝယ်ထားပိုင်ဆိုင်သူ ဦးဝေလင်းဖြိုး [၁၂/ကမရ(နိုင်)၀၄၉၂၆၀]ထံမှ မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၂၆၀၉၇၁]ကိုင်ဆောင်သူ မောင်ဗိုလ်ဖြိုးဆက်မှ ဝယ်ယူရန်သဘောတူပြီးဖြစ်ကာ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ထိုခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ပါ ခြံမြေအရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်နှင်းဝတ်ရည်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၇၄၉၅/၂၀၀၈)**
**အမှတ်(၁၉၂/ခ)၊ ကေရာဇ်(၃)လမ်း၊ (ရ)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း – ၀၉–၄၂၀၉၆၅၃၈၀**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဇွဲဇုံသမာဓိ (၄)လမ်း၊ အမှတ်(၃၄၉)တွင် နေထိုင်သူ ဒေါ်အေးအေးခိုင် [၁၂/ရကန(နိုင်)၀၄၇၈၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးအေးခိုင်နှင့် ဦးဟန်ဝင်းအောင် (၂၀၁၄ခုနှစ်တွင် ကွယ်လွန်)တို့၏ သမီးဖြစ်သူ မနှင်းအဥ္ဇလီ[၁၂/ရပသ(နိုင်)၀၇၈၁၃၈] ကိုင်ဆောင်သူသည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်အား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေသည့်အပြင် မိသားစုဂုဏ်သိက္ခာကိုပင် ထိခိုက်စေသည့် ကိစ္စရပ်များအား မကြာခဏပြုမူဆောင်ရွက်နေပါသဖြင့် ၎င်း၏အပြစ်များကို ခွင့်မလွှတ်နိုင်တော့သည့်အတွက် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ကြောင်းနှင့် ယနေ့မှစ၍ နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ၎င်း၏ပြဿနာ အရှုပ်အရှင်းများသည်လည်း မိခင်ဖြစ်သူ မိမိနှင့်သက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၂၆၉)**
**ခြံအမှတ်(၅)၊ ပါရမီရိပ်မွန်(၈)လမ်း၊ ထိန်စွန်းကျေးရွာ၊ သန္တေပင်ကျေးရွာအုပ်စု**
**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၈၅၃၁၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၃၈၊ မြေကွက်အမှတ်– ၅၃၄၊ ဧရိယာ (၄၀ ပေx ၆၀ပေ)ရှိ ဒေါက်တာ ရီရီဝင်း [၁၂/လမတ(ဧည့်)၀၀၀၀၀၂]အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်ခင်လေးသွယ် [၁၁/ သတန(နိုင်)၀၄၇၅၁၃] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၂၆၂)** | **အထက်တန်းရှေ့နေ (စဉ်– ၅၅၈၁၉)** |

**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉– ၂၅၄၆၀၈၅၉၄၊ ၀၉– ၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**လေလံကြမ်းခင်းဈေး - ကျပ်သိန်း (၂၀၀၀) ခန့်**
**ရောင်းချရန်ကြော်ငြာစာ ပြန်သွင်းရန်ရက် - ( ၂၃ - ၉ -၂၀၂၅ )**

**(စန္ဒာအေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

### ပစ္စည်းစာရင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၃၊ မြေကွက်အမှတ်-၂၃၀၀/ခ ဟုခေါ်တွင်သော အကျယ်အဝန်း ပေ (၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၃၀၀/ခ၊ အောင်မေတ္တာလမ်း၊ (၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ဈေးသစ်ရပ်ကွက်၊ အကွက်(၁)၊ ဈေးသစ်ကွက်၊ ဦးပိုင်အမှတ်(၁၃၀/က)၊ မြေကွက်အမှတ်(၁၇/၂၇၉)၊ ဧရိယာ(၀.၀၂၈)ဧကအနက်မှ ဧရိယာ(၀.၀၂၃)ဧကရှိမြေ၊ ပိုင်ဆိုင်ခွင့်-L၊ မြို့မြေ အမျိုးအစားမြေကွက်သည် ဦးဘသောင်း တစ်ဦးတည်း အမည်ပေါက်လျက်ရှိပါသည်။ ဦးဘသောင်း (အဘိုး) သည် (၅-၁၀-၁၉၇၃)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ကျင်နု (အဘွား) သည်(၁၄-၈-၁၉၈၉)ရက်နေ့တွင်လည်းကောင်း၊ တစ်ဦးတည်းသောသမီး ဒေါ်ခင်ရီ (မိခင်) သည် (၁၂-၆-၂၀၀၅)ရက်နေ့တွင်လည်းကောင်း၊ သားမက် ဦးဟံတင် (ဖခင်)သည် (၁၅-၁၂-၂၀၁၇)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ ၎င်းနောက် သားသမီးအရင်း(၆)ဦးကျန်ရှိပြီး ဒေါ်ဝင်းဝင်းကြည်သည် (၁၆-၈-၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊ ဦးစိုးမြင့်သည် (၁၈-၉-၂၀၂၄) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ ယခုအခါ ဦးအောင်စည်၊ ဒေါ်ရင်ရင်ကြည်၊ ဦးခင်လတ် (ကွယ်လွန်သူဒေါ်ဝင်းဝင်းကြည်၏ခင်ပွန်း)၊ ဦးသန်းအေး၊ ဒေါ်လှလှဝင်းနှင့် ဒေါ်အေးသန္တာလင်း (ကွယ်လွန်သူ ဦးစိုးမြင့်၏ ဇနီး)တို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်လာခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အထက်ဖော်ပြပါ ဦးအောင်စည်ပါ(၆)ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်စည် [၁၃/ကခန(နိုင်)၀၀၂၅၁၁]ပါ (၆)ဦးတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှမျိုး (LL,B) D.I.L, WIPO (SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၀၈၁)**
**အမှတ်(၆၁)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၄၂၀၇၃၄၉၄၆**

---

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၈၇
### ကွယ်လွန်သူ ဦးထွန်းဇော်လင်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ အမှတ်(C/၁၁၃) ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းဇော်လင်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ၎င်း၏သမီးဖြစ်သော မမေဖူးမွန်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၃၀) ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းဇော်လင်း၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ၊ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ မမေဖူးမွန်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၂/ခကံဘဲ့၊မြေကွက်အမှတ်-၁၄/ဃ-၁၊ဧရိယာ(၀.၁၃၄)ဧက၊မြေကွက်တည်နေရာအမှတ်-၄၆၊မဥ္ဇူလမ်းသွယ်(၁)လမ်း၊ပါရမီရိပ်သာ၊(၈)ရပ်ကွက်၊ရန်ကင်းမြို့နယ်၊ဦးကြည်ထျန်အမည်ပေါက်မြေပိုင်မြေလ/န၃(ခ)မြေအားအမည်ပေါက်-ဦးကြည်ထျန်(ကွယ်လွန်)သဖြင့်ပိုင်ဆိုင်စာချုပ်အမှတ်-၂၂၉၉/၁၉၉၈(၂၂-၆-၁၉၉၈)ဖြင့်ဒေါ်သန်းထွေးမှပိုင်ဆိုင်ခဲ့ပြီးဒေါ်သန်းထွေး(ကွယ်လွန်)သဖြင့်ပိုင်ဆိုင်စာချုပ်အမှတ်၈၄၇၆/၂၀၁၄(၂-၁၂-၂၀၁၄)ဖြင့်ပိုင်ဆိုင်သူဦးဝင်းတင်၊ဒေါ်ခင်စောကြည်၊ဒေါ်မိမိကြည်တို့(၃)ဦးအနက်အစ်ကိုဖြစ်သူဦးဝင်းတင်သည်အိမ်ထောင်မရှိလူပျိုကြီးဘဝဖြင့်ကွယ်လွန်သဖြင့်ကျန်မောင်နှမများဖြစ်သောဒေါ်ခင်စောကြည်(၁၂/စခန(နိုင်)၀၄၅၁၄၁)၊ဒေါ်မိမိကြည်(၁၂/စခန(နိုင်)၀၅၃၈၆၂)တို့မှဦးဝင်းတင်(ကွယ်လွန်)ပိုင်ဆိုင်သည့်၁/၃(သုံးပုံတစ်ပုံ)နှင့်တကွအကျိုးခံစားခွင့်အဝဝအားလုံးကြွင်းကျန်ခဲ့သောပစ္စည်းများကိုအမွေဆက်ခံကြသူများဖြစ်ပြီးမောင်နှမသုံးဦးပိုင်ဤခြံမြေသည်အခြားတစ်ပါးသူတစ်ဦးဦးအားလည်းလွှဲပြောင်းရောင်းချထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊တနည်းနည်းလွှဲပြောင်းထားခြင်းတို့မရှိပါကြောင်း(၁၅-၁၀-၂၀၂၄)ရက်စွဲပါကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊အမည်ပေါက်စာချုပ်၊ပိုင်ဆိုင်စာချုပ်၊သေဆုံးမှုလက်မှတ်၊အိမ်ယာမြေလွှဲပြောင်းပေးခြင်းစာချုပ်၊၂၀၁၄ခုနှစ်တွင်ဦးဝင်းတင်+၂မှပိုင်ဆိုင်အရောင်းမြေပုံကူးလျှောက်ထားခဲ့သော်လည်းမြေပုံမြေရာဇဝင်မူရင်းအားထုတ်ယူခဲ့ပြီးရှာဖွေမတွေ့ရှိသည်မှာမှန်ကန်ပါကြောင်း၊ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းမှာလည်းမိမိတို့လက်ဝယ်ရှိပါကြောင်း၊အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်းနှင့်အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါကမိမိတို့ကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း(၂၈-၇-၂၀၂၅)ရက်စွဲပါကျမ်းကျိန်လွှာပူးတွဲ၍ဒေါ်ခင်စောကြည်၊ဒေါ်မိမိကြည်တို့၏(၅-၈-၂၀၂၅)ရက်စွဲပါရှင်းလင်းစာတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ(၁၀)လမ်း၊ အမှတ်(၈၆၈)ရှိ တိုက်၏ **(စတုတ္ထထပ်) (၅-လွှာ-ဘီ)(တိုက်မျက်နှာမူညာ)** တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟုအဆိုပြုသူ **ဦးစိုးမိုး [၁၂/သကတ(နိုင်)၁၃၆၃၈၃]**မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးစစ်ဝေအေး၊ ဒေါ်မြတ်သဇင်အောင်**တို့မှ ဝယ်ယူရန် ရောင်းဖိုးငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်း မူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစစ်ဝေအေး၊ ဒေါ်မြတ်သဇင်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်နှင်းနုစိုး | ဒေါ်ခင်ခင်ဆွေ | ဒေါ်အိအိပိုင် |
|---|---|---|
| (LL.B, D.B.L, D.M.L) | [LL.B, WIPO (Switzerland)] | (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂၁) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၃၀) |

**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၈၈၀၁၅၅၅၁၆၊ ၀၉-၄၂၁၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၅၇)၊ ၄-လွှာ(B)၊ (တိုက်ကိုမျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်း နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်နိုဝင်း [၁၀/မလမ(နိုင်) ၀၁၈၂၂၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၉၇၅၀၂၁၈၄၁**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၄၂၈/က၊ မြေကွက်တည်နေရာအမှတ်-၄၂၈/က၊ ဇာနည်(၁၁)လမ်း၊ ( ၉ )ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးထင်လတ် (၁၂/ဥကတ (နိုင်) ၀၁၁၇၄၈) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဦးထင်လတ်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်သက်သက်နီ (၁၂/တမန(နိုင်) ၀၆၁၁၅၂) မှ (ဇနီး)တော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-(၁၂၈၅/၂၀၂၅/၂၇.၂.၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခ နှင့် ဂရန်အမည်ပေါက်နှင့် လျှောက်ထားသူတို့ ဇနီးတော်စပ်ကြောင်း အထောက်အထားတင်ပြရန်အကြောင်းကြားခဲ့ရာ ဌာနဝင်စာအမှတ်-(၄၉၆၂/၁၉.၅.၂၀၂၅) ရက်နေ့တွင် ဒေါ်သက်သက်နီ မှ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သော လက်ထပ်စာချုပ်မူရင်း၊ မိတ္တူတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ်-၁၁၅၅၊ မြေကွက်တည်နေရာအမှတ်-၁၁၅၅၊ မြခွာညိုလမ်း၊ (၅၀) ရပ်ကွက်၊ ဒဂုံမြောက်(ဦးကျင်ဆန်း BS-၀၀၉၁၂၀) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက်ဦးကျင်ဆန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ဇနီးတော်စပ်သူ ဒေါ်ခင်မော်မော်(ခ)ခင်မော်ရီ [၁၂/ဗတထ(နိုင်) ၀၀၉၆၅၉]မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြားဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ခင်ပွန်းကွယ်လွန်ပြီးနောက် အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မိမိသာ အမွေဆက်ခံခွင့်ရှိကြောင်းနှင့် တရားဝင်ပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူနေထိုင်ခြင်းမရှိ လိုက်လံပြသပြီး ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ခင်မော်မော်(ခ)ခင်မော်ရီမှ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ တိုက်(၁၅)၊ ၃(B)နေ ဦးတင်ဝင်း [၉/မကန(နိုင်)၀၀၇၈၁၉] နှင့် ဒေါ်သန်းတင် [၉/မကန(နိုင်)၀၀၇၇၇၄] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့အမှုသည်များ၏ သမီးဖြစ်သော မဖို့ဖို့ငြိမ်းချမ်း[၉/မကန(နိုင်) ၁၀၄၈၆၄] ကိုင်ဆောင်သူသည် မိဘများစိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာထိခိုက်အောင် အမျိုးမျိုးပြုမူပြောဆိုခြင်း၊ အရှက်တကွဲအကျိုးနည်းဖြစ်အောင် အမျိုးမျိုးပြောဆိုပြုလုပ်ခြင်း၊ မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ ၎င်းသဘောအလျောက် နေအိမ်မှ ဆင်းသွားခြင်း၊ ထိုသို့ဆင်းသွားပြီးနောက် မိဘများ၏နေအိမ်အား တံခါးသော့ဖျက်၍ အိမ်အတွင်းဝင်ရောက်လုပ်ဆောင်သဖြင့် နောက်နောင် ထိုကဲ့သို့မပြုလုပ်ရန် အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံ ဝန်ခံကတိပြုလက်မှတ်ရေးထိုးခိုင်းခဲ့ရခြင်းတို့ကြောင့် ၎င်းအားမိသားစုဝင်အဖြစ်မှ စွန့်ပယ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မဖို့ဖို့ငြိမ်းချမ်းသည် သွာနုတ္တသားသမီးဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့်ကိစ္စအဝဝသည် မိဘ၊ ဆွေမျိုးသားချင်းများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသောကြောင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်းနှင့် ဒေါ်သန်းတင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးသိန်းနိုင်(LL.B) | ဦးဇေယျာအောင်(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၈၉) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၆၁) |

**အမှတ်- ၁၂၈/၁၃၀၊ (ပထမထပ်)၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၈၁၆၅၈၊ ၀၉-၅၀၄၃၂၆၁**

---

## လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၅၁၆)နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခွန်ဇာနည်ဟိန်း (ခ)ခွန်တဟန်း(ခ)ဗဟန်း [၁၃/ပလန(နိုင်)၀၈၄၈၀၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခွန်ဇာနည်ဟိန်း (ခ) ခွန်တဟန်း (ခ) ဗဟန်း [၁၃/ပလန(နိုင်)၀၈၄၈၀၃]နှင့် ဒေါ်နန်းနှင်း(ခ)မူနန်းနှင်း [၁၃/မမန(နိုင်)၀၁၄၃၇၈]တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူ၊ ပအိုဝ်းလူမျိုးများဖြစ်ကြပြီး (၂၆-၆-၂၀၁၄) ရက်နေ့က လက်ထပ်ထိမ်းမြားခဲ့ပြီးနောက် စိတ်သဘောထားချင်း မတိုက်ဆိုင်သောကြောင့် လင်မယားအဖြစ်မှ တရားဝင်ပြတ်စဲကွာရှင်းခွင့်ရရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခွန်ဇာနည်ဟိန်း (ခ) ခွန်တဟန်း(ခ) ဗဟန်း[၁၃/ပလန(နိုင်)၀၈၄၈၀၃]က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတွင် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုခဲ့ပါသည် ။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတော်မှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခွန်ဇာနည်ဟိန်း(ခ)ခွန်တဟန်း(ခ)ဗဟန်းသည် ဒေါ်နန်းနှင်း(ခ)မူနန်းနှင်းနှင့် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခွင့်ရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခွန်ဇာနည်ဟိန်း(ခ) ခွန်တဟန်း(ခ)ဗဟန်း [၁၃/ပလန(နိုင်)၀၈၄၈၀၃]နှင့် ဒေါ်နန်းနှင်း(ခ)မူနန်းနှင်း [၁၃/မမန(နိုင်)၀၁၄၃၇၈]တို့သည် တရားရုံးအမိန့်ဒီကရီအရ လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါ၍ ကွာရှင်းပြတ်စဲပြီးသည့်နေ့ရက်မှစ၍ မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြတော့ပါကြောင်း၊ ကျွန်ုပ်တို့မိတ်ဆွေ၏ ကိုယ်ရေးကိုယ်တာကိစ္စများကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ Facebook, Tiktok ကဲ့သို့သော လူမှုကွန်ရက် စာမျက်နှာများပေါ်၌ ကျွန်ုပ်တို့မိတ်ဆွေကိုသော်လည်းကောင်း၊ ကျွန်ုပ်တို့မိတ်ဆွေနှင့် ပတ်သက်ဆက်နွယ်နေသူများကိုသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်စေနိုင်သည့် အကြောင်းအရာများဖြင့် ဂုဏ်သိက္ခာကျဆင်းစေသည့် ပုံရိပ်များတင်ခြင်း၊ စာသားများရေးသားခြင်း၊ ပြောဆိုခြင်းများ ပြုလုပ်လာပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးနန္ဒရှိန် (LL.B) | ဦးရဲလင်းထွန်း (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၄၉၃၈) | (စဉ် - ၄၂၄၃၇) |

**ရုံး - အမှတ် (၃၂)၊ အောင်တံခွန်လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၁၇၄၃၃၇၆၊ ၀၉-၉၆၉၆၂၅၆၃၁**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အိအိအေး (တရားလွှတ်တော်ရှေ့နေ)

## အသက် (၃၃)နှစ်

ဦးစိန်သန်း-ဒေါ်အေးမြတို့၏ သမီး၊ ဦးအောင်သာထွန်း၏ ဇနီးဖြစ်သူ ဒေါ်အိအိအေး (တရားလွှတ်တော်ရှေ့နေ)သည် ၅-၉-၂၀၂၅ ရက် (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စွမ်းထက်အထူးကုဆေးခန်း မိသားစု

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လှူနေရပ်ကွက် (မြင်သာစုပေါင်းအိမ်ရာ)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၁)၊ မြေကွက်အမှတ် (၁၆၄/၁) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ)၊ အကျယ်အဝန်း (၁၂.၅'x ၅၁')ရှိ (လမ်းမှမျက်နှာမူလျှင် ညာဘက်ခြမ်း) ရေ၊ မီးစုံ တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ကန်ထရိုက်တာထံမှ ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့် ရှိသူ ဒေါ်သီတာအေး [၁၂/ဥကတ(နိုင်)၁၀၂၅၇၄]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇင်ထွန်း [၇/လပတ(နိုင်) ၁၀၈၇၆၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၆၅၂၇၃**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃၃)တိုးချဲ့၊ ဇမ္ဗူရစ်ရွှေစင်လမ်း၊ မြေကွက်အမှတ်(၁၇၄) အကျယ်အဝန်း (၄၀ x ၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ (ခြေရင်းဘက်ခြမ်း) ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို အမည်ပေါက်ထံမှ အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပိုးတိုး [၁၂/ပဇတ(နိုင်) ၀၁၁၆၄၄]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းဌေး [၁၂/ဥကမ(နိုင်)၀၃၈၀၁၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာ ပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၆၅၂၇၃**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ်(၀/၆၅-ဘီ)၊ ဧရိယာ(၀.၀၂၇၅) ဧကရှိ (၃)နှစ်မြေငှားဂရန်(သက်ကုန်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၀/၆၅-ဘီ)၊ အောင်သပြေလမ်း၊ ဘုရင့်နောင်ပွဲရုံဝန်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သော (၂)ထပ်ပွဲရုံအဆောက် အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နန်းချိုချိုထွန်း (ဘ) ဦးထွန်းမြင့် (၁၃/တကန (နိုင်) ၁၄၆၀၂၄)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၁၇-၉-၂၀၂၅) ရက် နေ့က ရောင်းဘိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ် ငွေချေပြီး ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက် စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါ-ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ချို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနှံ့သာစံပြကျေးရွာ၊ ကွင်းအမှတ်(၄၉၅)၊ အကွက်အမှတ်(၁၀၄)၊ (၁၀၀'x၁၂၀') နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြင့်မြင့် [၁၃/လရန(နိုင်)၀၅၃၈၁၈]မှ လက်ဝယ်ပိုင်ဆိုင်လျက် အရှုပ် အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု သည့်အတွက် ကျွန်ုပ်ဒေါ်မွန်မွန်အောင်က အပြီးအပိုင်ဝယ်ယူမည်ဖြစ် သဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လို ပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မွန်မွန်အောင် [၇/လပတ(နိုင်)၀၉၂၇၅၈]**
**အမှတ်(၃၉၅)၊ ပထမထပ်၊ အောက်ကြည့်မြင်တိုင်လမ်း၊**
**စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၆၁၁၄၇**

### အများသိစေရန် ကြေညာခြင်း

ဒေါ်နော်မူးရွှေ [၆/သရခ(နိုင်)၁၁၄၈၉၇]သည် ဦးအုန်းသွင် [၆/မမန (နိုင်)၂၀၂၅၅၇]၏ တရားဝင်ဇနီးဖြစ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (တိုးချဲ့)၊ မြေကွက်အမှတ်-၄၁/၄၂၊ သခင်အုန်းဖေကြီးလမ်းရှိ ၂၄-ဧကကို နိုင်ငံတော်မှ ခင်ပွန်း ဦးအုန်းသွင်အမည်ဖြင့် ချထားပေးသော မြေကွက်များ ဖြစ်ပါသည်။ ဦးအုန်းသွင်သေဆုံးပြီးနောက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လုပ်ကိုင်ဆောင်ရွက်ပေးခွင့်မထားကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်နော်မူးရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **စစ်ကိုင်း ဦးငွေသန်း (LL.B)** | **ဦးမျိုးမျိုး (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၂၇၇၄)** | **(စဉ်-၁၄၄၀၈)** |
| **ဖုန်း-၀၉-၄၂၁၁၇၆၅၉၂** | **ဖုန်း-၀၉-၄၅၀၀၃၂၉၉၈** |

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉၉

၁။ ဦးတင်ထွဋ် နှင့် ဦးသောင်းရွှေ
၂။ ဒေါ်မြင့်မြင့်ဝင်း
(တရားလိုများ) (တရားပြိုင်)

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ်-၆၄၅ နေ ဦးသောင်းရွှေ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။**

သင့်အပေါ်၌တရားလိုများက **"ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် ( ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

### မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အ.ထ.က(ခွဲ)၊ ရွာဝေမှ Grade-3 တွင် ပညာသင်ကြားနေသော မဆောင်းနှင်းဖြူ၏ မိဘအမည်မှန်မှာ ဦးဇေဇော် [၉/မသန(နိုင်)၁၂၀၀၁၇]၊ ဒေါ်နီနီဝင်းရွှေ [၉/ဝတန(နိုင်)၁၇၈၈၅၅] ဖြစ်ပါကြောင်း။

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈)၊ ဦးပိုင်အမှတ်(၈၂-က+၈၃-က+၄၇၁)၊ ရန်-မန်းလမ်းအနောက်ဘက်၊ နတ်ရေကန်ရွာရှေ့ကျောင်းမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြင့်စိုး[၁၀/မလမ(နိုင်)၀၉၂၃၇၁]၊ ဒေါ်အေး(ခ)အေးအေး [၁၀/မလမ(နိုင်)၀၉၂၃၇၂]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

အား က စား မြဲ့ တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

သင့် သွေးဖြင့် အသက် ကယ်ပါ

## ဒေါက်တာ ဦးတင်အောင်ဆွေ

**ပါမောက္ခချုပ်(ငြိမ်း) (ဆေး-၁/ဆေး-၂)**

**အသက် (၉၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ (A-605)နေ ဒေါ်ခင်ဆွေတင့်၏ ခင်ပွန်း၊ Dr.လင်းအောင်ဆွေ-Dr. ရွှေစင်သိန်း၊ (ဦးညီညီအောင်ဆွေ)၊ Dr. ခင်မောင်ဝင်း-Dr. ဝင့်မြတ်ဆွေ၊ ဦးဆွေဝင်းအောင်-ဒေါ်ဇွန်သီဦးတို့၏ ဖခင်၊ မလင်းလက်နွယ်၊ မောင်မင်းသန့်ဆွေ၊ မောင်သန့်ထိုက်ဆွေတို့၏ အဘိုးသည် ၁၈-၉-၂၀၂၅ ရက် နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၂၅ရက်တွင် ပုလဲကွန်ဒိုနေအိမ်သို့ ရက်လည်ဆွမ်းကျွေး ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးတင်မောင်**

**အသက်(၈၈)နှစ်**

ဦးကျော်မိုး-ဒေါ်ပပလင်း၊ ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ရုံး (မော်လမြိုင်) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ချစ်လှစွာသောဖခင်ကြီး ဦးတင်မောင်သည် ၁၇-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းမိသားစုများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးတင်မောင်**

**အသက်(၈၈)နှစ်**

ဦးကျော်မိုး-ဒေါ်ပပလင်း၊ ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ရုံး (မော်လမြိုင်) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ချစ်လှစွာသောဖခင်ကြီး ဦးတင်မောင်သည် ၁၇-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းမိသားစုများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မွန်ပြည်နယ်)**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ မြေကွက်အမှတ် (၈၅၆/က)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ဦးဌေး အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားပြီး လက်ဝယ်ထားပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်မိုးအေး [၁၂/တမန(နိုင်)၀၅၈၆၇၉]နှင့် ဒေါ်မိုးမိုးကြည်[၁၂/တမန(နိုင်)၀၈၃၈၉၇] တို့မှ ဝန်ခံသဖြင့် ဒေါ်မိုးအေးနှင့် ဒေါ်မိုးမိုးကြည်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယမင်းထွေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲမာ LL.B, D.B.L, D.I.L, WIPO**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၄၆၀/၂၀၁၇)**
**အမှတ်- ၈၃၇၊ မင်းရဲကောင်းပုံလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်းနံပါတ်- ၀၉-၇၉၉၆၈၁၂၁၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် (၅၈) ဟုခေါ်တွင်သော နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော (၂)ခန်းတွဲ (၈ ထပ်တိုက်)အဆောက်အဦ၏ မြေညီထပ် (ခြေရင်းခန်း)ဟု ခေါ်တွင်သည့် တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်စွဲ့ခမ်းနွယ် (ခ) ဒေါ်စွဲ့ခမ်းနွယ်အောင် [၁/ပတအ(နိုင်)၀၂၆၆၄၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နိုင်ဇာလွင် တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉- ၄၃၁၄၄၆၆၇**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

## ဦးကိုကိုကြီး

**B.Com, B.L, MBA (New York)**

**အသက်(၁၀၀)နှစ်**

မန္တလေးမြို့၊ ရုံတော်ကြီးနေ (ဦးဘဘော-ဒေါ်သိန်းရင်)တို့၏ သားကြီး၊ (ဦးသက်ထွန်း-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၆၃၅/G2, ရိုးမရိပ်သာလမ်း နှင့် 10A, မြကန်သာ(၂)လမ်း၊ ၂-ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ (ဒေါ်သန်းသန်း)၏ ခင်ပွန်း၊ ဒေါက်တာရီရီမြင့်၊ ဒေါက်တာဖြူဖြူမြင့်၊ ဦးမြင့်သန်း(ခေတ္တ-U.S.A) တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ (ဦးမောင်မောင်-ဒေါ်တင်တင်ဦး)၊ (ဦးခင်မောင်အုန်း-ဒေါ်တင်တင်စု)၊ (ဦးကိုကိုလေး -ဒေါ်နုနုရီ)၊ (ဦးမောင်ကို-ဒေါ်တင်တင်အေး)၊ (ဦးကြွင်)-ဒေါ်တင်တင်ဌေး၊ (ဦးခင်မောင်သန်း)-ဒေါ်မမကြီး၊ ဒေါက်တာဦးခင်မောင်ဝင်း-ဒေါက်တာဒေါ်နီလာဝင်းတို့၏ မောင်/အစ်ကို၊ ဦးကိုကိုကြီးသည် ၁၇-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၂၄ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၂၅ (အင်္ဂါနေ့) နံနက်တွင် မိုးကုတ်ကျောင်းတိုက်၊ မြကန်သာလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မေမေခင်

**B.Sc, M.Sc, B.Ed အထက်တန်းပြဆရာမ(ငြိမ်း)**

**အ.ထ.က(၄)၊ ရေဆင်း**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ (ဦးသာလူ-ဒေါ်ကြည်ကြည်) တို့၏သမီးလတ်၊ (ဦးကြင်စိုး-ဒေါ်အေးမြင့်)တို့၏သမီးချွေးမ၊ USA နိုင်ငံနေ မောင်စိုးပြည့်ထူး BE(Mech), M.Sc(NYIT)New York၊ မမေဖြိုးဦး B.Sc, M.Sc (New York University)၊ မောင်စိုးထက်အောင် BE, ME Mahidol Univisity (Thailand) တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ခနေသီရိတာဝါ၊ တိုက်အမှတ် (၅၇)၊ အခန်း(6/A)နေ ဦးခင်စိုး(စိုက်ပျိုးရေးသုတေသနဦးစီးဌာန-ငြိမ်း) ၏ချစ်လှစွာသောဇနီး ဒေါ်မေမေခင်သည် (၁၈-၉-၂၀၂၅) ရက်နေ့ (ကြာသပတေးနေ့) နံနက် (၁၁:၀၉)နာရီတွင် ရွှေလမင်း (လမ်းမတော်ဆေးရုံ) တွင် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို(၂၀-၉-၂၀၂၅) ရက်နေ့ (စနေနေ့) ညနေ(၃:၀၀)နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးတို့မှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ကုန်းမြင့်သာလမ်း၊ အမှတ် ၄၀ ဟုခေါ်တွင်သည့် အကျယ်အဝန်း (၅၀ပေx ၇၀ပေ)ရှိ မြေကွက်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးလှသောင်း [၁၂/သကတ(နိုင်) ၀၃၅၈၇၈]ထံမှ (၁၉-၉-၂၀၁၈) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်"အရ ဦးစောပွယ်ထူး [၁၄/သပန(နိုင်) ၁၀၇၉၄၃]က ၎င်းနေ့မှစ၍ ငွေအပြေကျေပေးချေကာ ဝယ်ယူလက်ရောက်ထားရှိပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထက်ဦးလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်- ၅၂၆၆၆)**
**အမှတ်- ၁၂၂၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၀၀၂၁၇၀၈**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ တိုက်အမှတ် (၂၉)၊ မြေညီထပ်၊ (ခြေရင်းခန်း)တိုက်ခန်းကို ပိုင်ဆိုင်သူ ဦးအေးမောင် [၁၂/မဂတ(နိုင်)၁၁၃၂၅၆] **Royal AKT Group** အဆောက်အဦကန်ထရိုက်တာထံမှ ဒေါ်သက်သက်မာ [၆/ထဝန(နိုင်)၀၈၀၂၉၉]က အဆိုပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်အတွက် ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်လုံသောကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ရုံး-** | **အမှတ်(၅၀)စီ/၃၊ (ပ-ထပ်)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **ဦးလှမင်း(ပေါင်းတည်) LL.B(ADVOCATE)** |
| **ဖုန်း-** | **၀၉-၅၀၃၃၁၇၂** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၅၅၅၅/၉၁)** |

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၇၈)၊ ဦးပိုင်အမှတ် (၇၀)၊ ၃၅x၃၆ ကြား၊ ၅၇x၅၈ လမ်းကြားရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သူ ဒေါ်ပင်းပင်း [၁၃/ကလတ (နိုင်) ၀၄၈၀၂၆]က အမှုတွဲအမှတ် (၂၅၅၁/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ဒါအုံးဖြူ (ပေါက်တော)

**အသက် (၉၈)နှစ်**

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နေ (ဦးသာရ)၏ ဇနီး၊ ဦးအောင်ကျော်ဖဲ-ဒေါ်မသိန်းဦး၊ ဦးကျော်ဇံရီ-ဒေါ်သိန်းကျော့ဦး၊ (ဦးမောင်သာထွန်း)-ဒေါ်မဦးစိန်၊ ဦးသောင်းထွန်းအောင်-ဒေါ်ကျော်မဖြူ၊ ဦးဦးစံကျော်-ဒေါ်မအေးခင်၊ ဦးမောင်မြထွန်း-ဒေါ်မသာခိုင်၊ ဦးမောင်စံသိန်း-ဒေါ်အေးမြမေ၊ ဦးမောင်စံသာ-ဒေါ်သန်းသန်း၊ (ဦးမောင်ကျော်လှ)-ဒေါ်အေးမေကျော့တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၃၇ ယောက်၊ မြစ် ၂၆ ယောက်၊ တီ တစ်ယောက်တို့၏ မိခင်ကြီး ဒေါ်ဒါအုံးဖြူသည် ၁၇-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့)တွင် ရွာချောင်းကြီးကျေးရွာ၌ ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်ကြောင်း ရပ်ဝေး၊ ရပ်နီးနေ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးဝင်း

**Former Tutor ၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ (ဦးတင်သန်း-ဒေါ်ခင်ကြူ)တို့၏ သားကြီး၊ ဦးသန်းကြူ-ဒေါ်စန်းဌေး၊ (ဦးထွန်းအောင်လွင်)-ဒေါ်ကြူကြူ၊ (ဦးကျော်မင်းသန်း)-ဒေါ်အေးရည်ဝင်း၊ ဦးသန်းစိုး-ဒေါ်မြမြသန်း၊ (ဦးအေးသန်း)-ဒေါ်ခင်မျိုးမြင့်၊ ဦးထွေးသန်း-ဒေါ်ကြည်ကြည်စန်းတို့၏ အစ်ကိုကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ ဘကြီး၊ မမွန်မွန်၏ ချစ်လှစွာသောဖခင် ဒေါက်တာဦးဝင်း အသက်(၇၈)နှစ်သည် ၉-၉- ၂၀၂၅ (အင်္ဂါနေ့) ဒေသစံတော်ချိန် ည ၈:၃၅ နာရီတွင် အမေရိကန်နိုင်ငံ၊ California ပြည်နယ်၊ Salinas မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၂၅ ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုသက်ဝေဌေး(ခ)ကိုသားသား(Ko Buddy)

**SAMSUNG CUSTOMER SERVICE PART HEAD**

**အသက်(၅၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၂)၊ သုံးလွှာ(A)၊ ပျဉ်းမလမ်း၊ ဆေး/ငြိမ်းရပ်ကွက်နေ (ဦးလှဌေး)-ဒေါ်မြင့်ရီတို့၏သား၊ (ဦးမြအောင်-ဒေါ်လှလှနွယ်)တို့၏ သားသမက်၊ ကိုဝင်းထွန်းအောင်-မဖြူလွဲ့လွဲ့ဌေးတို့၏ အစ်ကို၊ ကိုကောင်းဇံအောင်-မအိကေကေခိုင်၊ မောင်သီဟသက်အောင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၇-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၂၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၂၅ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပါမောက္ခ ဒေါက်တာ ဇော်ရဲဟိန်း

**(တွဲဖက်ကျောင်းအုပ်ကြီး)**

**(Myanmar Management International College)**

**အသက်(၃၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ(၃၅)လမ်း၊ အမှတ်(၁၃၂၆)နေ (ဦးဝင်းဌေး)-ဒေါ်မိမိအောင်တို့၏ သား၊ ကိုဇော်ရဲလင်း-မအေးမိစံ(USA)တို့၏ ညီ/မောင်၊ ကိုစိုးလင်းပိုင်-မနန်းနောက်နောက်တို့၏ အစ်ကို၊ ဦးမင်းဇော်-ဒေါ်ခင်အေးလွင်တို့၏ သားသမက်၊ ကိုသီဟမင်းဇော်(USA)၏ အစ်ကို၊ မပြည့်ပြည့်မင်းဇော်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၉-၂၀၂၅ ရက် ညနေ ၃:၂၀ နာရီတွင် ရွှေလမင်း(လမ်းမတော်) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၂၅ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၂၅ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်**
**၇/ အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၆)လမ်း၊ အမှတ်(၅၁၉ / ၁)၊**
**ပထမထပ်၊ အကျယ်အဝန်း(၁၈ ×၅၄)ပေရှိ တိုက်ခန်းတစ်ခန်းအပါအဝင်**
**အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာချက်**

ကျွန်ုပ်၏မိတ်ဆွေသည် ဦးဇော်ဝင်း (၉/မရမ(နိုင်)၀၃၇၈၂၇) ပိုင်ဆိုင်ထားသည့် အထက်ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကိုဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသောရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမိုးသက်တင် (LL.B)** | **ဒေါ်အိမ့်သဥ္ဇာငြိမ်း (LL.B,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၂၉၂)** |

အမှတ်(၉၀)၊မင်္ဂလာသီရိလမ်း၊ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၀၂၅၅၉၅၂

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၈)၊ ဦးပိုင်အမှတ်-(၁၁၆)၊ ၆၁x၆၂ ကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်သွင်၏ (SP ရရှိသူ ဦးအောင်ပြည့်ဖြိုးသိန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၄၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အောင်မြင့်ဌေး [၈/ပခက (နိုင်) ၁၆၄၉၆၆]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၅၂၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဌ-၂)၊ ဦးပိုင်အမှတ်(၉)၊ ၇၂x၇၃ ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင့်ဆွေ [၉/မနတ (နိုင်) ၀၃၉၂၉၈]က အမှုတွဲအမှတ် (၂၅၂၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ-၅)၊ ဦးပိုင်အမှတ်(၁၁၄)၊ ၅၅(စီ)လမ်း၊ ၁၁၅x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဝင်းဝင်းမြိုင် [၉/မရတ (နိုင်) ၁၁၉၉၁၆]က အမှုတွဲအမှတ်(၂၅၃၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၉-၂၀၂၅ရက်နေ့ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈) ကန့်ကွက်နိုင်ကြောင်းကြော်ငြာဒဂုံမြောက်မြို့နယ်၊ဘီလစ်ဒေါ်လွဲ့လွဲ့နိုင်၏အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးတွင်မြေကွက်တည်နေရာ-၁၂၅ဖိုလ်တေဇလမ်း၊(၄၀)ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နန်နင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်၊ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



ဘိုင်ယန်မြူးနစ် အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

## လက်ရှိချန်ပီယံ ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်နဲ့ လီဗာပူးအသင်းတို့ အိမ်ကွင်းနိုင်ပွဲအသီးသီးရရှိ

စက်တင်ဘာ ၁၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနဲ့ လီဗာပူးအသင်းတို့ဟာ အိမ်ကွင်းနိုင်ပွဲအသီးသီးရရှိခဲ့ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အတ္တလန္တာအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး မာကွင်ဟို၊ ဗာရက်ခ်ီလီယာ၊ နျူနိုမန်ဒက်စ်နဲ့ ဂွန်ကာလိုရာမို့စ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❖

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း စက်တင်ဘာ ၂၁ ရက်မှ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ☆

၂၁-၉-၂၀၂၅ ရက်နေ့မှ ၂၆-၉-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်ထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



ယနေ့ ဖတ်စရာ

FIFA MFF U19 FUTSAL YOUTH LEAGUE 2025 ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

စာမျက်နှာ » ၁၄

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

စာမျက်နှာ » ၁၇